# ကျွန်ုပ်တို့အား သူကျမ်းစာပေးခဲ့သည်
# အနက်ပြန်ခြင်းဆိုင်ရာ
# အခြေခံအုတ်မြစ်များ

သင်ခန်းစာ ခြောက်

## အဓိပ္ပါယ်ကိုရှာဖွေဖော်ထုတ်ခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံး၀ဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ

နိဒါန်း ... 1
လမ်းညွှန်ချက်များ ... 2
စာရေးသူ ... 5
အထောက်အထား ... 7
ပရိသတ် ... 9
အပြန်အလှန်မှီခိုမှု ... 13
အနှစ်ချုပ်များ ... 17
ကျမ်းပိုဒ်၏ရှုပ်ထွေးမှု ... 19
အနက်ပြန်သူ၏ထူးခြားမှု ... 22
ပရိသတ်၏လိုအပ်ချက် ... 25
နိဂုံး ... 28



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ကလေးများသည် ၎င်းတို့၏ဆရာများက သူတို့အတွက် မည်မျှပင်လုပ်ပေးစေကာမူ များသောအားဖြင့်တန်ဖိုးမထားတတ်ကြပေ။ သူတို့၏ဆရာများသည် အမျိုးမျိုးသောရှာဖွေဖော်ထုတ်ခြင်းအသစ်များကို သူတို့အားပေးနိုင်ရန် ကြိုးစားကြသည်။ သို့သော် မကြာခဏ၊ ငယ်ရွယ်သောကျောင်းသားများသည် အသက်တာတွင် ငြီးငွေ့တွားခြင်းနှင့် ညည်းညူခြင်းများ ပိုလုပ်တတ်ကြသည်။ ယခုတွင်၊ လူကြီးများအနေနှင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ငယ်စဉ်ဘဝမှ ဆရာများကို ပြန်ကြည့်ခြင်းဖြင့်၊ ကျွန်ုပ်တို့၏သင်ခန်းစာများကို ဆရာမပါကျွန်ုပ်တို့သာလေ့လာရန်မလိုအပ်ခြင်းသည် မည်မျှကောင်းသည်ကို နားလည်ပါသည်။ ကျွန်ုပ်တို့ အတွက် သူတို့လုပ်ဆောင်ခဲ့သမျှအတွက်ကျေးဇူးတင်ပါသည်။ သို့သော် ၎င်းကိုတွေးကြည့်သောအခါ၊ ကျွန်ုပ်တို့၏ငယ်ဘဝသင်ခန်းစာများသည် ဘဝ၏သင်ခန်းစာကိုနေ့တိုင်းပိုမို၍သင်ယူနိုင်စေရန် မရေတွက် နိုင်သောအခွင့်အရေးများကျွန်ုပ်တို့အားပေးသည့်အတွက် သာ၍ကျေးဇူးတင်သင့်ပါသည်။ သမ္မာကျမ်းစာ ၏အဓိပ္ပါယ်ကို ပုံစံအမျိုးမျိုးဖြင့်လေ့လာသောအခါတွင်လည်း ထိုအတိုင်းပင်ဖြစ်သည်။ သမ္မာကျမ်းစာ၏ အဓိပ္ပါယ်ကို ဆရာမပါကျွန်ုပ်တို့သာ ရှာဖွေဖော်ထုတ်ရန်ဘုရားသခင်သည်ပေးခဲ့သည်မဟုတ်ပါ။ ကျွန်ုပ်တို့ ကိုကူညီရန်လမ်းညွှန်ချက်များကို ကိုယ်တော်ပေးခဲ့သည်။ သို့သော် ယင်းထက်ပို၍ သမ္မာကျမ်းစာနှင့် ပတ်သက်သော အထူးခြားဆုံးအရာတစ်ခုမှာ ကျွန်ုပ်တို့၏ဘဝတစ်လျှောက်လုံးတွင် သမ္မာကျမ်းစာ၏ အဓိပ္ပာယ်ကိုအကြိမ်ကြိမ်ပြန်လည်၍ အမြဲသင်ယူလေ့လာနိုင်သည်ဟူသည့်အချက်ပင်ဖြစ်သည်။

ဤသည်မှာ *ကျွန်ုပ်တို့အား သူကျမ်းစာပေးခဲ့သည်* အနက်ပြန်ခြင်းဆိုင်ရာအခြေခံအုတ်မြစ်များ အခန်းဆက်ဆောင်းပါးမှ ခြောက်ခုမြောက်သင်ခန်းစာဖြစ်ပြီး_ "အဓိပ္ပါယ်ဖော်ထုတ်ခြင်း" ဟုခေါင်းစဉ်တပ်ထားသည်။ ဤသင်ခန်းစာတွင်၊ သမ္မာကျမ်းစာ၏မူလအဓိပ္ပာယ်ကို ရှာဖွေဖော်ထုတ်ရန် ကူညီပေးနိုင်သည့်အနက်ဖွင့်ခြင်းဆိုင်ရာနည်းဗျူဟာအချို့ကို အာရုံစိုက်ပါမည်။

မရေမတွက်နိုင်သောအချက်အလက်များသည် သမ္မာကျမ်းစာရှိ အဓိပ္ပာယ်ကိုရှာဖွေဖော်ထုတ်ရန် အထောက်အကူပြုပါသည်။ သို့သော် ကျွန်ုပ်တို့၏ရည်ရွယ်ချက်အတွက်၊ နှစ်ခုကိုသာအာရုံစိုက်ပါမည်။ ဦးစွာ၊ သမ္မာကျမ်းစာကျမ်းပိုဒ်၏အရေးပါမှုကိုဖော်ပြရာတွင်ကူညီပေးသည့် အရေးကြီးသော လမ်းညွှန်ချက်အချို့အကြောင်း ဆွေးနွေးပါမည်။ ဒုတိယ၊ ထိုအဓိပ္ပါယ်ကို အနှစ်ချုပ်များစွာပြုလုပ်ခြင်း၏တန်ဖိုးကို ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာ၏အဓိပ္ပာယ်ကိုညွှန်ပြသော လမ်းညွှန်ချက်များကို ကြည့်ခြင်းဖြင့် စတင်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# လမ်းညွှန်ချက်များ

အစောပိုင်းသင်ခန်းစာတစ်ခုတွင်၊ ယနေ့ယုံကြည်သူအများစုသည် ၎င်းတို့၏ယေဘုယျ အနက်ဖွင့်ခြင်းဆိုင်ရာနည်းဗျူဟာကို သဒ္ဒါ-သမိုင်းဆိုင်ရာနည်းလမ်းအဖြစ် ရည်ညွှန်းကြောင်း ဖော်ပြထားပါသည်။ ယခု၊ ဤဝေါဟာရသည် မကြာသေးမီကပင်၊ အထူးသဖြင့် ပြုပြင်ပြောင်းလဲရေး ကာလမှစ၍ အသင်းတော် သမိုင်းတစ်လျှောက် ပြန်လည်ခြေရာခံနိုင်သည့် ချဉ်းကပ်မှုကို ကိုယ်စားပြု သည်။ အမှန်တကယ်တွင်၊ သဒ္ဒါ-သမိုင်းဆိုင်ရာနည်းလမ်းသည် သမ္မာကျမ်းစာ၏သဒ္ဒါဆိုင်ရာသတ်မှတ် ချက်များ—၎င်း၏စာမျက်နှာ များတွင်ရေးသားထားသည့်အရာ—နှင့်၎င်း၏ရှေးဟောင်းသမိုင်းဆိုင်ရာ အကြောင်းအရာ၊ အထူးသဖြင့် ၎င်း၏လူသားကျမ်းရေးသူများနှင့် ပရိသတ်များ၏ဆက်စပ်အကြောင်း အရာများကို ရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းသည်။ ဤသဒ္ဒါနှင့်သမိုင်းဆိုင်ရာအချက်အလက်များသည် သမ္မာကျမ်းစာ၏အဓိပ္ပာယ်ကို ရှာဖွေဖော်ထုတ်ရန် လမ်းညွှန်ချက်များအဖြစ်ဆောင်ရွက်သည်။

ဤသင်ခန်းစာတွင်၊ သမ္မာကျမ်းစာကျမ်းပိုဒ်တစ်ခု၏ အရေးပါပုံကိုဖော်ပြရန် ကူညီပေးသည့် အဓိကလမ်းညွှန်ချက်သုံးခုဖြစ်သည့်_ ကျမ်းပိုဒ်ကိုရေးသားသူ၊ အထောက်အထားနှင့် ကျမ်းပိုဒ်၏မူလ ပရိသတ်ကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။

သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာရေးသားမှုများကို မှုတ်သွင်းသောအခါ၊ ကျမ်းရေး သူများ၏အရည်အချင်းများနှင့် ကိုယ်ရည်ကိုယ်သွေးများအားဖြင့် ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ကျမ်းရေးသူများအကြောင်း တစ်စုံတစ်ရာသိထားပါက သူတို့ရေးသောအကြောင်းအရာများကို နားလည် ရန်ကူညီပေးနိုင်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကျမ်းတစ်ကျမ်းစီကိုပေါင်းစပ်ကာ၊ ကျမ်းပိုဒ်တစ်ခုချင်းစီ အတွက် ၎င်း၏ကိုယ်ပိုင်သဒ္ဒါနှင့် စာပေဆိုင်ရာအကြောင်းအရာများအတွင်း နားလည်နိုင်စေရန် လုံလောက်သောအရေးအသားအကြောင်းအရာကို ပံ့ပိုးပေးပါသည်။ ထို့ကြောင့်၊ အထောက်အထား ကိုယ်တိုင်သည် ၎င်း၏ စာပိုဒ်အားလုံးကို အဓိပ္ပာယ်ပြန်ဆိုသင့်သည့် စာပေဆိုင်ရာ အကြောင်းအရာများ ပါဝင်သောကြောင့် ကျွန်ုပ်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လမ်းညွှန်နိုင်သည်။

ဝိညာဉ်တော်သည် သူမှုတ်သွင်းခဲ့သောကျမ်းများသည် မူလပရိသတ်များအတွက် အဓိပ္ပာယ်ရှိပြီး သူတို့၏ဘဝနှင့် သက်ဆိုင်ကြောင်း သေချာစေခဲ့သည်။ ထို့ကြောင့်၊ မူလစာဖတ်သူများ၏ဘဝနေထိုင်မှု အထောက်အထားများကို ရှာဖွေခြင်းဖြင့် သမ္မာကျမ်းစာ၏အဓိပ္ပာယ်နှင့် ပတ်သက်၍ တစ်စုံတစ်ခုကို လေ့လာနိုင်သည်။

စားသောက်ဆိုင်တစ်ခု၏ကြမ်းပြင်ပေါ်တွင် စွန့်ပစ်ထားသောစာတစ်စောင်ကို တွေ့သောလူကို စိတ်ကူးကြည့်ပါ။ စာရွက်တွင် စာလုံးတစ်လုံးတည်း ရေးထားသည်_ "ကူညီကြပါ!" စာသည်မည်သည့် အရာဆိုလိုသည်ကို သိနိုင်ရန် စားပွဲဝိုင်းရှိသူငယ်ချင်းများအား သူသည်ပြသည်။ သို့သော် လုပ်စရာအများ မရှိပါ။ "နောက်ထပ်စကားလုံးများရှိလျှင်ကောင်းမည်" ဟု ထိုသူကညည်းညူပြောဆိုသည်။ “အမှန်တ ကယ်မည်သူရေးသည်ကို ကျွန်ုပ်တို့သိလျှင်ကောင်းမည်” ဟု အခြားတစ်ဦးက ထပ်လောင်းပြောဆိုသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခြားသူငယ်ချင်းတစ်ယောက်က "မည်သူထံ၌စာရောက်သင့်သည်ကိုသိရန် နည်းလမ်းတစ်ခုခုတော့ ရှိလိမ့်မည်" ဟု မှတ်ချက်ပေးသည်။ အမှန်တကယ်တွင် စာသည် အရာများစွာကို အဓိပ္ပာယ်ရှိစေနိုင်သည်။ အခြားစားပွဲတွင် ကစားနေသောကလေးများ၏ ဂိမ်းတစ်ခု၏အစိတ်အပိုင်းလည်း ဖြစ်နိုင်သည်။ ၎င်းသည် မီနူးအတွက် အကူအညီတောင်းခံမှုတစ်ခု ဖြစ်နိုင်သည်။ ကြီးမားသောဒုက္ခကြုံနေသူတစ်ဦးထံမှ အပူတပြင်းအော်ဟစ်အကူအညီတောင်းခြင်းဖြစ်နိုင်သည်။ နောက်ထပ်လမ်းညွှန်မှုမရှိဘဲ၊ ထိုသူနှင့် သူ၏ သူငယ်ချင်းများသည် စာ၏အဓိပ္ပါယ်ကို အမှန်တကယ်နားလည်ရန် နည်းလမ်းမရှိပေ။

သမ္မာကျမ်းစာနှင့်ပတ်သက်၍လည်း အလားတူကိစ္စရပ်သည် မှန်ကန်ပါသည်။ ကျွန်ုပ်တို့သည် ကျမ်းရေးသူများနှင့် ပရိသတ်များအကြောင်း အနည်းငယ်မျှ သို့မဟုတ် ဘာမှမသိသည့်အခါ သို့မဟုတ် ၎င်းတို့၏ကျယ်ပြန့်သောအကြောင်းအရာကိုမသိဘဲ ကျမ်းပိုဒ်များကိုဖတ်သည့်အခါ၊ သမ္မာကျမ်းစာ၏ ရည်ရွယ်ထားသောအဓိပ္ပာယ်သည် ကျွန်ုပ်တို့အတွက် ရှင်းလင်းမည်မဟုတ်ပါ။ သို့သော် သတင်းကောင်းမှာကျမ်းရေးသူ၊ အထောက်အထား သို့မဟုတ် ပရိသတ်နှင့်ပတ်သက်သည့် မည်သည့်အသိပညာမဆို သမ္မာကျမ်းစာ၏အဓိပ္ပာယ်အပေါ် ကျွန်ုပ်တို့၏နားလည်မှုကို တိုးတက်စေမည့် အလားအလာရှိသည်။

> ကျွန်ုပ်တို့လေ့လာနေသော သမ္မာကျမ်းစာ၏သဒ္ဒါနှင့်သမိုင်းကြောင်းကို ထည့်သွင်းမစဉ်းစားပါက၊ ကျွန်ုပ်တို့ထင်မြင်ယူဆထားသည့်အတိုင်း ၎င်းတို့ကို မလွဲမသွေဖတ်ရှုကြမည်ဖြစ်သည်။ ဥပမာအားဖြင့်၊ ဤအရာသည် လူအချို့အတွက် အဓိပ္ပါယ်မဲ့သည်ဟု ထင်ရသော်လည်း၊ ယေရှုသည် ဒုတိယမွေးဖွားခြင်း သို့မဟုတ် အထက်မှမွေးဖွားခြင်းအကြောင်း မိန့်တော်မူသောအခါ၊ လူဝင်စားခြင်းအဖြစ် ဖတ်ကြသူများရှိသည် — ဒုတိယမွေးဖွားခြင်း၊ ပြန်လည်မွေးဖွားခြင်း၊ အမိဝမ်းတွင်းသို့ မဟုတ်ဘဲ အခြားသောသူထဲသို့ ဒုတိယအကြိမ်ဝင်ရောက်ခြင်းသည် ကျမ်းပိုဒ်အရ နိကောဒင်၏အထင်အမြင်လွဲမှားမှုဖြစ်သည်။ ထို့ကြောင့် သဒ္ဒါသဘောအရ စာပေအကြောင်းအရာကို နားလည်ဖို့ လိုသည်။ ထိုအခြေအနေမျိုးတွင် သမိုင်းနောက်ခံအချို့သည် အထောက်အကူဖြစ်စေသည်။ ဥပမာအားဖြင့်၊ ပြန်လည်မွေးဖွားခြင်းအကြောင်းပြောသောအခါ၊ အထူးသဖြင့်ဂျူးလူမျိုးများသည် လူမျိုးခြားတစ်ဦးသည် ဂျူးဘာသာသို့ကူးပြောင်းသည့်အခါ ၎င်းကို စဉ်းစားမိမည်ဖြစ်သည်။ သို့သော်၎င်းသည် ဣသရေလ၏ ဆရာတစ်ယောက်အတွက် အဓိပ္ပာယ်မရှိသည့်အရာဖြစ်သည်။ ဘုရားသခင်၏လူမျိုးတွင် မပါဝင်သည့်သူနှင့် တူညီသည့်အဆင့်တွင်ရှိနေပါက သူ့အားမည်ကဲ့သို့ဆက်ဆံမည်နည်း။ သို့သော် သခင်ယေရှုသည်နောက်ပိုင်းတွင်၊ ယောဟန် ၈ တွင် ပိုကျယ်ပြန့်သောအကြောင်းအရာဖြစ်သော၊ လူတို့သည် ဘုရားသခင်၏ သားသမီးများဖြစ်လာသည့်တိုင်အောင် မာရ်နတ်၏ သားသမီးများဖြစ်ကြသည်၊ ထို့ကြောင့် လူတစ်ဦးသည် ဝိညာဉ်ရေးအရ ပြန်လည်မွေးဖွားလာရန် လိုအပ်သည်ဟုဆိုသည်။ ထို့အပြင်၊ ကျမ်းစာတစ်အုပ်လုံးတွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယဉ်ကျေးမှုဆိုင်ရာအကြောင်းအရာနှင့် သဒ္ဒါဆိုင်ရာအကြောင်းအရာများ ပါရှိသောကြောင့် ဥပမာများစွာဖြင့် သင်သည် ပေါင်းစပ်နိုင်ပါသည်။ ကျမ်းစာအားလုံးသည် အချိန်တိုင်းအတွက်ဖြစ်သည်၊ သို့သော် အခြေအနေများ၊ ကျွန်ုပ်တို့ကိုင်တွယ်ဖြေရှင်းခဲ့သောအခြေအနေများကို အသိအမှတ်ပြုရန် လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် အခြားအခြေအနေ များတွင်ကျင့်သုံးနိုင်သည့်အခြေခံမူများ၊ စကြာဝဠာနှင့် ထာဝရအခြေခံမူများကို အသိအမှတ်ပြုနိုင်မည်ဖြစ်သည်။

**ဒေါက်တာ Craig S. Keener**

သဒ္ဒါဆိုင်ရာ သို့မဟုတ် သမိုင်းဆိုင်ရာ အကြောင်းအရာများကို သိနားလည်ခြင်းသည် ခေတ်သစ်စာဖတ်သူကို သမ္မာကျမ်းစာဖတ်ရှုခြင်းတွင် ပိုမိုသိနားလည်စေမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ယခုအခါတွင်၊ ကျမ်းပိုဒ်မှလွဲ၍ အခြားအပိုကိရိယာများမပါဘဲ ပညာအနည်းငယ်ရှိယုံမျှဖြင့် ကျမ်းစာကိုဖတ်ရှုနိုင်ပြီဖြစ်ပြီး၊ ၎င်းသည် ကျွန်ုပ်တို့၏ခေတ်သစ်ကာလတွင် ကျွန်ုပ်တို့ရရှိနိုင်သည့် အပိုကျမ်းစာကိရိယာများနှင့် အရင်းအမြစ်များမပါဘဲ ကျမ်းပိုဒ်၏အဓိပ္ပာယ်ကို သင်နားလည်နိုင်သည်ဟူသော ရာစုနှစ်များတစ်လျှောက် ခရစ်ယာန်များ၏ယုံကြည်ချက်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ၊ စာပိုဒ်များနှင့် စာကြောင်းများကို ပေါင်းစပ်ထားသည့်ပုံစံကို နားလည်ခြင်းနှင့် စာပိုဒ်များကို ရေးသားသည့်အကြောင်းအရာကိုနားလည်ခြင်းသည် စာဖတ်သူအတွက် ပိုမိုရှင်းလင်းပြီး ပိုမိုနားလည်လာစေသည်။

**ဒေါက်တာ Simon Vibert**

သမ္မာကျမ်းစာကျမ်းပိုဒ်များ၏အရေးပါပုံကိုဖော်ပြရာတွင် အထောက်အကူဖြစ်စေသော လမ်းညွှန်ချက်များနှင့်ပတ်သက်၍ဆွေးနွေးချက်ကို လေးပိုင်းခွဲပါမည်။ လမ်းညွှန်ချက်ဖြစ်သော_ ကျမ်းရေးသူ၊ အထောက်အထားနှင့် ပရိသတ်များတစ်ခုစီကို ပိုမိုနီးကပ်စွာလေ့လာခြင်းဖြင့် စတင်ပါမည်။ ထို့ပြင် ၎င်းတို့၏အပြန်အလှန်မှီခိုမှုကို ရှာဖွေကာ ဤအပိုင်းကို နိဂုံးချုပ်ပါမည်။ စာရေးသူ၏ လမ်းညွှန်ချက် ကို ဦးစွာကြည့်ကြပါစို့။

# စာရေးသူ

သမ္မာကျမ်းစာ၏အပိုင်းတစ်ပိုင်းကို လူသားစာရေးသူရေးသည်ဟု ယူဆသည့်အခါတိုင်း၊ ကျွန်ုပ်တို့သည် မေးခွန်းအမျိုးမျိုးကိုဖြေဆိုရန် အသင့်ရှိရမည်ဖြစ်သည်။ ပထမဦးစွာ၊ စာရေးသူ၏အကြောင်းကို သိရန်လိုပါသည်။ သူသည် မည်သူနည်း။ တစ်ခါတစ်ရံ၊ ကျမ်းစာသည် မတူညီသော ကျမ်းများ၏ရေးသားသူကို အမည်ဖြင့် ခွဲခြားသတ်မှတ်သည်။ ဥပမာအားဖြင့်၊ ဓမ္မဟောင်းကျမ်းမှ အာမုတ်နှင့် ဟောရှာယကျမ်းများသည် ပရောဖက်အာမုတ်နှင့် ဟောရှာယတို့ တိုက်ရိုက်ရည်ညွှန်းသည်။ ပေတရုနှင့် ပေါလုတို့၏ဓမ္မသစ်စာများတွင် တမန်တော်များကိုကျမ်းရေးသူများအဖြစ် ထင်ရှားစွာ အမည်ပေးထားသည်။ သို့သော် တစ်ချိန်တည်းတွင်၊ တရားသူကြီးမှတ်စာနှင့် ရာဇဝင်ကျမ်းများအပြင် တမန်တော်ဝတ္ထုနှင့် ဟေဗြဲကျမ်းများကဲ့သို့ ဓမ္မဟောင်းနှင့်ဓမ္မသစ်ရှိ ကျမ်းအများသည် အမည်မသိဖြစ်သည်။ ဤကိစ္စများတွင်၊ ကျွန်ုပ်တို့သည် ကျမ်းရေးသူနှင့်ပတ်သက်သော ယေဘုယျ ရှုမြင်ချက်အချို့ကို ဖြေရှင်းရန် လိုအပ်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ အတိုင်းအတာတစ်ခုအထိ၊ သမိုင်းဆိုင်ရာယေဘုယျ သုတေသနနှင့် ကျမ်းစာကိုယ်တိုင်သည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာရေးသားသူတိုင်း၏ကိုယ်ရေးရာဇဝင်ကိုဖော်ပြပေးပါသည်။ ဤကဲ့သို့သောမေးခွန်းများအတွက် ထိုးထွင်းသိမြင်မှုအချို့ကို ကျွန်ုပ်တို့ အမြဲရရှိနိုင်သည်_ ကျမ်းရေးသူသည် ဘုရားသခင်၏လူတို့တွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သနည်း။ သူသည် မည်သည့်အရာကို အထူးစိတ်ဝင်စားသနည်း။ သူ၏ကျမ်းထဲတွင် မည်ကဲ့သို့သောအယူအဆများ၊ အပြုအမူများနှင့်စိတ်ခံစားမှုများကို အလေးပေးဖော်ပြခဲ့သနည်း။ ကျမ်းစာရေးသူအကြောင်း ကျွန်ုပ်တို့သိထားသမျှသည် သမ္မာကျမ်းစာ၏အဓိပ္ပာယ်ကို ရှာဖွေဖော်ထုတ်ရာ ပန်းတိုင်ဆီသို့ လမ်းညွှန်ပေးသည်။

ရှင်ယောဟန် ၃:၁၆ ကို အာရုံစိုက်ခြင်းဖြင့် ကျွန်ုပ်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာကြိုးပမ်းမှုများ အပေါ် ကျွန်ုပ်တို့၏အသိပညာသြဇာလွှမ်းမိုးမှုကို သုံးသပ်ကြည့်ကြပါစို့။ ဤရင်းနှီးသောကျမ်းပိုဒ်တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ_

> ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားကို ချစ်တော်မူ၏ (ယောဟန် ၃:၁၆)။

ယောဟန်ခရစ်ဝင်ကျမ်းကို ယာကုပ်၏ညီနှင့် ဇေဗေဒဲ၏သားဖြစ်သော တမန်တော်ယောဟန် ရေးသားခဲ့သည်။ ယောဟန်သည် ယေရှု၏ယုံကြည်ရဆုံးသောသူများထဲမှ တစ်ဦးဖြစ်ပြီး၊ ကနဦး ခရစ်ယာန်အသိုင်းအဝိုင်းတွင် ယုံကြည်ခြင်း၏ဒေါက်တိုင်တစ်ဦးဖြစ်သည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း အပြင် ဓမ္မသစ်ကျမ်းတွင် အခြားကျမ်းလေးကျမ်းကိုလည်း ရေးသားခဲ့သည်။ ၁ ယောဟန်၊ ၂ ယောဟန်၊ ၃ ယောဟန်နှင့် ဗျာဒိတ်ကျမ်းတို့ဖြစ်သည်။ သူ၏ကျမ်းများအားဖြင့်လည်းကောင်း၊ မဿဲ၊ မာကုနှင့် လုကာကဲ့သို့သော အခြားကျမ်းရေးသူများ၏ ယောဟန်အကြောင်းပြောသည့်အရာများအားဖြင့်၊ သူ၏

ယုံကြည်ချက်နှင့် ထိုယုံကြည်ချက်တို့ကို သူ၏ပရိသတ်ထံပြောပြပုံနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကိုနားလည်စေသည်။ ဥပမာ၊ ယောဟန် ၂၀:၃၁ တွင်၊ ယောဟန်သည် သူ၏ခရစ်ဝင်ကျမ်းကို ရေးသားရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြခဲ့သည်။ သူသည် သူ၏ပရိသတ်တို့ကို ဤသို့ဆိုသည်–

> ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်
> ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊
> ထိုသို့ယုံ၍နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက်
> ရေးထားလျက်ရှိသတည်း (ယောဟန် ၂၀:၃၁)။

ဤကျမ်းပိုဒ်သည် ယောဟန်၏အဓိကရည်ရွယ်ချက်ဖြစ်သော“ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် [သူတို့] အသက်ကိုရမည်အကြောင်း၊” ဖြစ်သည်မှာ ထင်ရှားသည်။

ကျမ်းရေးသူနှင့် သူ၏ရည်ရွယ်ချက်အကြောင်း ကျွန်ုပ်တို့သိထားသောအခါ၊ ယောဟန် ၃:၁၆ တွင် ဤတူညီသောပန်းတိုင်နှစ်ခုကိုတွေ့မြင်ရန် မခက်ခဲပါ။

ခေတ်သစ်ဘာသာပြန်ကျမ်းများ၏ တည်းဖြတ်သူအများစုသည် ယောဟန် ၃:၁၆ ကို ယောဟန် ၃:၁၅ တွင်အဆုံးသတ်သော ယေရှု၏နှုတ်ကပတ်တော်များနှင့်ပတ်သက်၍ ယောဟန်၏မှတ်ချက်များ၏ အစအဖြစ် မှန်ကန်စွာယူဆကြသည်။ ယောဟန် ၃:၁၆ ဒုတိယပိုင်းတွင် “ဘုရားသခင်သည် မိမိ၌ တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားကို ချစ်တော်မူ၏”ဟုဆိုသည်။ အခန်းငယ်၏ဤအပိုင်းသည် ယောဟန် ၂၀:၃၁ ၏ပထမတစ်ဝက်– “ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်ယုံမည်အကြောင်း”နှင့် သက်ဆိုင်သည်။ ယောဟန် ၃:၁၆ ၏ပထမပိုင်း၌ “ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ” ဟုဖော်ပြထားသည်။ အခန်းငယ်၏ဤအပိုင်း သည် ယောဟန် ၂၀:၃၁ ၏ဒုတိယပိုင်း– “ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း”နှင့် သက်ဆိုင်သည်။

ဤအပြိုင်တူညီမှုများကို မှတ်သားထားခြင်းဖြင့် အနက်ပြန်သူများစွာသည် ထောင်စုနှစ်ပေါင်းများစွာကပင် အသိအမှတ်ပြုထားသော အရာတစ်ခုကို အတည်ပြုကြသည်။ ယောဟန်သည် ဤကျမ်းပိုဒ် ကို ဖြစ်ရပ်မှန်၊ သမိုင်းဝင်ဖော်ပြချက်တစ်ခုထက် ပိုမိုရည်ရွယ်ခဲ့သည်။ ဘုရားသခင်သည် မိမိ၏ထူးခြား သောသားတော်ယေရှုအားပေးခဲ့သည့် သမိုင်းဝင်အမှန်တရားသည် ယောဟန်အတွက်အရေးကြီးသည်၊ သို့သော် ဤနေရာတွင်ဖော်ပြခြင်း၏ အမှန်တကယ်ရည်ရွယ်ချက်မှာ သူ၏ပရိသတ်တို့ကို ကယ်တင်ခြင်း အတွက် ခရစ်တော်ကိုယုံကြည်ရန်ဖိတ်ခေါ် ခြင်းဖြစ်ပြီး သို့မှသာရင်းတို့သည် ထာဝရအသက်ရနိုင်မည်ဖြစ် သည်။ ကျွန်ုပ်တို့မြင်တွေ့သည်အတိုင်း၊ ယောဟန်၏ရည်ရွယ်ချက်နှင့် ယုံကြည်ချက်များကိုနားလည်ခြင်း သည် သူ၏ခရစ်ဝင်ကျမ်းကို ပို၍သင့်လျော်စွာအနက်ဖွင့်ရန် ကျွန်ုပ်တို့အားကူညီပေးသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျမ်းရေးသူကို ကိုးကားခြင်း၏ အကျိုးကျေးဇူးများကို သမ္မာကျမ်းစာ၏အဓိပ္ပာယ်ကို နားလည်ရန် လမ်းညွှန်ချက်အဖြစ် သုံးသပ်ပြီးနောက်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာအထောက်အထားကို အာရုံစိုက်ကြပါစို့။

## အထောက်အထား

ကျွန်ုပ်တို့၏ စကားလုံးအထောက်အထားကို အသုံးပြုရာတွင် ၎င်း၏ဝေါဟာရ၊ သဒ္ဒါ၊ စကားပုံများ၊ ဝါကျဖွဲ့စည်းပုံ၊ ပုံစံပြဖွဲ့စည်းပုံ၊ ၎င်း၏အငြင်းပွားမှု၊ ပတ်ဝန်းကျင်စာပေဆိုင်ရာ အကြောင်းအရာများ အပါအဝင် ကျွန်ုပ်တို့လေ့လာနေသော ကျမ်းပိုဒ်၏အင်္ဂါရပ်အားလုံး ပါဝင်မည်ဖြစ်သည်။ ကျမ်းစာကို မှန်ကန်စွာအနက်ပြန်ဆိုရန်၊ ကျွန်ုပ်တို့သည် မှုတ်သွင်းခံကျမ်းရေးသူရေးခဲ့သည့် စကားလုံးများနှင့် စကားစု များကို အမှန်တကယ်ဂရုပြုရမည်ဖြစ်သည်။

ကျမ်းစာအထောက်အထားတစ်ခုကို လေ့လာသောအခါတွင် မှတ်သားထားရမည့် အရေးကြီးဆုံး အရာတစ်ခုမှာ ၎င်းသည် ၎င်း၏အဓိပ္ပာယ်ကို ပုံစံအမျိုးမျိုးဖြင့် ဖော်ပြခြင်းဖြစ်သည်။ ယခု၊ ဤအမျိုးမျိုးသောအဓိပ္ပာယ်ဖော်ပြချက်များသည် မတူညီသောအမျိုးအစားများတွင် ကွဲပြားသော်လည်း၊ ယေဘူယျအားဖြင့် အဓိပ္ပါယ်မှာ အနည်းကိန်းနှင့် အများကိန်းနှင့် နှုတ်ပြောများကဲ့သို့သောအရာများကို ညွှန်ပြသည့် နုတ်ကပတ်တော်များ၏ သေးငယ်သောအင်္ဂါရပ်များဖြစ်သည့် နောက်ထပ်ခွဲခြမ်းစိတ်ဖြာ၍မရသော စကားလုံး morphemes ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ အဓိပ္ပါယ်ကို စကားလုံးများ၊ စကားစုများ၊ စာပိုဒ်များ၊ ဝါကျများ၊ စကားပြေစာပိုဒ်များနှင့် ကဗျာစာပိုဒ်များမှတဆင့်ဖေါ်ပြပါသည်။ ဇာတ်ကြောင်း တစ်ခုလုံး၊ မိန့်ခွန်းများ သို့မဟုတ် ပညတ်ချက်များဆိုင်ရာကဲ့သို့ ပိုကြီးသောအပိုင်းများနှင့် ကျမ်းတစ်ခု လုံးကိုပင်အဓိပ္ပာယ်ဖော်ပြချက်အဖြစ် ဆောင်ရွက်ပေးပါသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ၊ သေးငယ်သောအချက်၏အဓိပ္ပါယ်သည် ပိုကြီးသောအချက်တွင် ပိုမိုရှင်းလင်းလာသည်။ ပိုကြီးမားသော အချက်များ၏အဓိပ္ပါယ်သည် သေးငယ်သောဖော်ပြချက်၏အဓိပ္ပါယ်ကို ပိုမိုရှင်းလင်း လာစေသည်။ ထို့ကြောင့်၊ ကျမ်းစာအထောက်အထားတစ်ခုသည် ၎င်း၏အဓိပ္ပာယ်ကို ကျွန်ုပ်တို့အား မည်သို့လမ်းညွှန်ပေးသည်ကို တွေ့မြင်လိုပါက၊ ဤအဆင့်များအားလုံးတွင် ၎င်းကိုရှာဖွေရန် အဆင်သင့်ဖြစ်ရပါမည်။

ကျွန်ုပ်တို့၏ဆိုလိုရင်းကို ဥပမာပြရမည်ဆိုလျှင်၊ နားလည်မှုလွဲလေ့ရှိသော ယောဟန် ၃:၁၆ ၏အသွင်အပြင်ကို ကြည့်ကြပါစို့။

အစောပိုင်းတွင် ကျွန်ုပ်တို့တွေ့ခဲ့သည့်အတိုင်း၊ ယောဟန် ၃:၁၆ တွင် “ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားကို ချစ်တော်မူ၏…” ဟူ၍ ဆိုသောကြောင့် ယုံကြည်သူခရစ်ယာန်များသည် ဤစကားစုကို အောက်ပါကဲ့သို့ဆိုကြသည်_ “ဘုရား သခင်သည် လောကီသားတို့ကို လွန်စွာချစ်သောကြောင့်…”၊ “ဘုရားသခင်သည် လောကီသားတို့ကို အင်မတန်ချစ်သောကြောင့်…” သို့မဟုတ် “ဘုရားသခင်သည် လောကီသားတို့ကို အရမ်းချစ်သော ကြောင့်…”ယောဟန် ၃:၁၆ အားနားလည်မှုသည် အလွန်ကျယ်ပြန့်စွာနားလည်လာသောကြောင့် ယောဟန်သည် “လွန်စွာ” ဟူသောစကားလုံးကို “အလွန်ကြီးမားသော” “အလွန်ကြီးစွာသော” သို့မဟုတ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

"အလွန်များသော" ဟူသောစကားလုံးအတွက် ဆိုလိုသလောဟုပင် ကျွန်ုပ်တို့အများစုသံသယမဝင်ကြချေ။ သို့သော် ယောဟန် ၃:၁၆ ကို ၎င်း၏ပိုကြီးမားသောအကြောင်းအရာတွင် ကျွန်ုပ်တို့ကြည့်ရှုသောအခါ၊ ဤသည်မှာ "လွန်စွာ" ဟူသောစကားလုံး၏အဓိပ္ပာယ်မဟုတ်ကြောင်း မကြာမီ ထင်ရှားလာပါသည်။

မူလအစတွင်၊ "လွန်စွာ" သည် ဂရိစကားလုံး houtōs ၏ဘာသာပြန်ဖြစ်သည်။ ဤဂရိကြိယာဝိသေသနသည် ရံဖန်ရံခါတွင် "အလွန်ကြီးစွာသော" သို့မဟုတ် "အလွန်များသော" ဟူသော အဓိပ္ပါယ်ရှိသော်လည်း၊ "ထို့ကြောင့်" "ဤနည်း" သို့မဟုတ် "ဤနည်းဖြင့်" ဟု မကြာခဏသုံးလေ့ရှိသည်။ အခန်းငယ် ၁၆ တွင် "လွန်စွာ" ဟူသော အသုံးအနှုန်းကို ၎င်းမတိုင်မီ၏အခန်းငယ်များနှင့် နှိုင်းယှဉ်ခြင်းဖြင့်ယောဟန် ၃:၁၆ တွင်ဤအရာကို ယောဟန်၏အသုံးပြုမှုကိုကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ ယောဟန် ၃:၁၄-၁၅ ၌ဤသို့ဆိုသည်_

> မောရှေသည်တော၌ မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည်
> မြှောက်ထားခြင်းကို ခံရမည်။ အကြောင်းမူကား၊ ထိုသားတော်ကို
> ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊
> ထာဝရအသက်ကိုရမည်အကြောင်းတည်း (ယောဟန် ၃:၁၄-၁၅)။

ဤအခန်းငယ်များတွင် ယေရှုသည် "မောရှေသည် တော၌မြွေကို မြှောက်ထားခြင်း" နှင့် "လူသား"—ယေရှုကိုယ်တိုင်—"မြှောက်ထားခြင်းခံရမည့်အချိန်တို့အကြား နှိုင်းယှဉ်ချက်တစ်ခုကို ပြုစုထားသည်။

အပိုဒ်ငယ် ၁၅ တွင်၊ ဘုရားသခင်သည် ဣသရေလလူတို့ကို တော၌ အဆိပ်ပြင်းသောမြွေများ စေလွှတ်ခြင်းဖြင့် သူတို့ကို အပြစ်ပေးသည့် တောလည်ရာ ၂၁:၄-၉ ကို ရည်ညွှန်းခဲ့သည်။ ဣသရေလလူတို့သည် ကယ်တင်ခြင်းငှါ အော်ဟစ်ကြွေးကြော်ကြသည်။ ဘုရားသခင်၏မိန့်မှာချက်အရ၊ မောရှေသည် ကြေးဝါမြွေရုပ်ကိုလုပ်၍ တိုင်ပေါ်တင်ကာ မြွေကိုလေထဲသို့မြှောက်ပြီး ကြေးဝါမြွေကိုကြည့်သော ဣသရေလအပေါင်းတို့သည် အနာကင်းကြသည်။ ဤဥပမာအားဖြင့်၊ ယေရှုသည် မြှောက်ထားခြင်း ခံရသည်နှင့်အမျှ၊ ကိုယ်တော်ကိုကြည့်ရှုသောနေရာတိုင်း၌ရှိသောသူအပေါင်းတို့သည် ဘုရားသခင်၏တရားစီရင်ခြင်းမှ ကယ်တင်ခြင်းသို့ရောက်မည်ကို ထင်ရှားစွာပြတော်မူသည်။

ဤနေရာတွင် ယေရှုက "မောရှေသည် မြွေကို မြှောက်ထားသကဲ့သို့ ... လူသားသည် မြှောက်ထားခြင်းကိုခံရမည်" ဟုဆိုသည်ကို မှတ်သားထားရန် အရေးကြီးသည်။ ဤနှိုင်းယှဉ်ချက်တွင်၊ "လွန်စွာ" ဟု ပြန်ဆိုထားသော ဂရိအသုံးအနှုန်းသည် အခန်းငယ် ၁၆ ၏အစတွင်ဖော်ပြထားသော စကားလုံးဖြစ်သည့် *houtōs* နှင့်တူညီသည်။ မြွေကို မြှောက်ထားသကဲ့သို့ "ထိုကဲ့သို့" သို့မဟုတ် "ထိုနည်းတူ" လူသားသည် မြှောက်ထားခြင်းခံရမည်ဟု ယေရှုမိန့်တော်မူခဲ့သည်။ အခန်းငယ် ၁၆ တွင် တူညီသောအသုံးအနှုန်းကို သုံးသောအခါ ယောဟန်သည် ဤနှိုင်းယှဉ်ချက်ကို အသုံးပြုခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အမှန်တကယ်တွင်၊ ယောဟန်သည် မြွေကိုမြှောက်ထားသော မောရှေနှင့် ဒုတိယ နှိုင်းယှဉ်မှုပြုရန် *houtōs* ဟူသော စကားလုံးကို ထပ်မံ၍အသုံးပြုခဲ့သည်။ အခန်းငယ် ၁၆ တွင်မူကား၊ မောရှေပြုသော အမှုနှင့် သူ၏တစ်ပါးတည်းသောသားတော်ကို ပေးသောအခါ ဘုရားသခင်ပြုခဲ့သောအမှုကို နှိုင်းယှဉ်ချက်ဖြစ်သည်။ သို့တည်းမဟုတ် အောက်ပါကဲ့သို့ထည့်သွင်းနိုင်သည် "မောရှေသည် တော၌မြွေကိုမြှောက်ထား သကဲ့သို့ … *ထိုနည်းတူ* ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့ မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားကို ချစ်တော်မူ၏။"

ဤနမူနာသည် သမ္မာကျမ်းစာကျမ်းပိုဒ်အထောက်အထားကို ဂရုတစိုက်စဉ်းစားသုံးသပ်ခြင်းဖြင့် ၎င်း၏အဓိပ္ပာယ်ကို နားလည်သဘောပေါက်ရန် ကူညီပေးသည့် နည်းလမ်းငယ်လေးတစ်ခုကိုသာ ဖော်ပြထားခြင်းဖြစ်သည်။

ကျမ်းရေးသူနှင့် အထောက်အထားသည် အဓိပ္ပာယ်ပြန်ဆိုရာတွင် လမ်းညွှန်ချက်များအဖြစ် မည်သို့ ဆောင်ရွက်သည်ကိုနားလည်မှုဖြင့်၊ ကျွန်ုပ်တို့သည် ပရိသတ်ကို တတိယလမ်းညွှန်ချက်အဖြစ် ထည့်သွင်း စဉ်းစားရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

## ပရိသတ်

> သမ္မာကျမ်းစာတစ်အုပ်ကို ရေးသားထားသည့် သမိုင်းဆိုင်ရာအခြေအနေများကို နားလည်ရန် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာ စာပေနှင့်ပတ်သက်သော ထူးခြားသောအရာများထဲမှတစ်ခုမှာ ဘုရားသခင်သည် မိမိ၏လူများအား သီးခြားအချိန်တစ်ခုအတွင်းနှင့် သီးခြားလူတစ်ဦးချင်းစီအား ၎င်းတို့၏ဂရုစိုက်မှု၊ ၎င်းတို့၏စိုးရိမ်မှုများ၊ ၎င်းတို့၏ကြောက်ရွံ့မှုများနှင့် ၎င်းတို့ပတ်ဝန်းကျင်ရှိ ကမ္ဘာကြီးအကြောင်း ၎င်းတို့၏မျှော်လင့်ချက်များကို ထည့်သွင်းစဉ်းစားရန် ရွေးချယ်ခဲ့သည်။ ဘုရားသခင်သည် မိမိကိုယ်ကို ဖော်ထုတ်ရန် ဤနည်းဖြင့် သူတို့ကို မိန့်ဆိုခဲ့ပြီး၊ ကျွန်ုပ်တို့သည် ထိုသတင်းစကား၏အစိတ်အပိုင်းတစ်ခုဖြစ်လာကာ၊ ၎င်းတို့၏ထူးခြားသော သမိုင်းဝင်အခြေအနေများကို ဖျန်ဖြေပေးထားသကဲ့သို့ ကျွန်ုပ်တို့ကိုယ်တိုင်၎င်းကို လက်ခံရရှိကြပါသည်။
>
> **ဒေါက်တာ Scott Redd**

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏မူလပရိသတ်ကို စဉ်းစားသည့်အခါတိုင်း၊ အမျိုးမျိုးသော မေးခွန်း ကိုမေးရန် အသင့်ရှိရမည်ဖြစ်သည်။ ဦးစွာ၊ ပရိသတ်သည် မည်သူမည်ဝါဖြစ်ကြောင်း သိလိုပါသည်။ သူတို့ သည် မည်သူတို့ဖြစ်ကြသနည်း။ တစ်ခါတစ်ရံ၊ ပရိတ်သတ်များသည် မည်သူ

ဖြစ်ကြသည်ကို ကျမ်းစာသည် ထင်ရှားစွာဖော်ပြသည်။ ဥပမာအားဖြင့်၊ ဓမ္မသစ်ကျမ်းမှ ရောမဝတ္ထု၏ ပရိသတ်သည် ရောမမြို့တွင်နေထိုင် သောခရစ်ယာန်များအဖြစ် ခွဲခြားသတ်မှတ်ထားသည်။ ဂလာတိကျမ်းသည် ဂလာတိမြို့ရှိအသင်းတော် များကို ၎င်း၏ပရိသတ်အဖြစ် သတ်မှတ်သည်။ သို့သော်၊ ဓမ္မဟောင်းနှင့် ဓမ္မသစ်မှ ကျမ်းအများစုသည် ပရိသတ်ကို တိုက်ရိုက်မခွဲခြားနိုင်ပါ။ ဤကိစ္စများတွင်၊ ကျွန်ုပ်တို့သည် သွယ်ဝိုက်သော သဲလွန်စများဖြင့် ဖြေရှင်းရပေမည်။ အဖြစ်အပျက်အားလုံးတွင်၊ အတိုင်းအတာတစ်ခုအထိ၊ သမိုင်းဆိုင်ရာယေဘူယျ သုတေသနနှင့် ကျမ်းစာများကိုယ်တိုင်သည် ကျွန်ုပ်တို့ကို မူလပရိသတ်များ၏ယေဘုယျကိုယ်ရေးရာဇဝင် ကို ဖော်ပြပေးပါသည်။ အောက်ပါကဲ့သို့သောမေးခွန်းများကို ဖြေရန် တတ်နိုင်သမျှ ကျွန်ုပ်တို့လုပ်ဆောင် ရမည်ဖြစ်သည်_ ပရိသတ်သည် မည်သည့်နေရာတွင် နေထိုင်ခဲ့ကြသနည်း။ သူတို့၏သမိုင်းဆိုင်ရာ အခြေအနေများသည် မည်သို့နည်း။ မည်ကဲ့သို့သောစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ကြသနည်း။ သူတို့တွင် မည်ကဲ့သို့သော အယူအဆ၊ အပြုအမူနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များရှိသနည်း။ မူလပရိသတ်များ အကြောင်း ကျွန်ုပ်တို့သိသမျှသည် သမ္မာကျမ်းစာ၏အဓိပ္ပာယ်ကို ရှာဖွေဖော်ထုတ်ရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။

မူလပရိသတ်များသည် သမ္မာကျမ်းစာရေးသားခြင်းတွင် တိုက်ရိုက်မပါဝင်ကြသော်လည်း သမ္မာကျမ်းစာရေးသူများသည် ၎င်းတို့၏ကျမ်းများကို အဓိကနှင့် အဓိကမဟုတ်သောပရိသတ်များကို စိတ်ထဲတွင်ထားကာ ရေးဖွဲ့လေ့ရှိသည်။ သူတို့သည် အချို့သောလူများအတွက် တိုက်ရိုက်ရေးသားခဲ့ကြသော်လည်း၊ ၎င်းတို့၏ကျမ်းများကို သွယ်ဝိုက်၍ဖြစ်စေ ထိတွေ့မည့်သူများအတွက်လည်း ရေးသားခဲ့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာကို စာပေအဖြစ်ဦးစွာရေးသားခဲ့စဉ်တွင် အနည်းငယ်မျှသောလူတို့အတွက် အခွင့်ထူးဖြစ်ခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့်၊ ကျမ်းရေးသူများအနေဖြင့် သူတို့၏ကျမ်းများကို လူများစွာသည်အမှန်တကယ် လှမ်းယူဖတ်ရှုရန် မမျှော်လင့်ခဲ့ကြပေ။ သို့တိုင်၊ အဓိကနှင့် အဓိကမဟုတ်သော မူလပရိသတ်များအကြောင်း ကျွန်ုပ်တို့ ပိုသိလေ၊ သမ္မာကျမ်းစာကျမ်းပိုဒ်များ၏ မူလအဓိပ္ပာယ်ကို ကျွန်ုပ်တို့ ပိုမိုကောင်းမွန်စွာ စူးစမ်းနိုင်လေဖြစ်သည်။

သမ္မာကျမ်းစာကျမ်း၏ မူလပရိသတ်ကို စိတ်တွင်မှတ်သားထားခြင်း၏အရေးကြီးပုံကို ဖော်ပြရန် အတွက် ယောဟန်၏ခရစ်ဝင်ကျမ်းကို တစ်ဖန်ပြန်ကြည့်ကြပါစို့။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကိစ္စတွင်၊ ကျွန်ုပ်တို့သည် ယောဟန်၏အဓိကနှင့် အဓိကမဟုတ်သောပရိသတ်များအကြောင်း သွယ်ဝိုက်သော သဲလွန်စများကို အားကိုးရမည်ဖြစ်သည်။ တစ်ခုတည်းသောအချက်မှာ၊ ပါလက်စတိုင်းရှိ ဓလေ့ထုံးတမ်းများကို ရှင်းပြရန်လိုအပ်ကြောင်း ယောဟန်မကြာခဏခံစားခဲ့ရသည်။ ယောဟန် ၄:၉ တွင် ရှမာရိအမျိုးသမီးတစ်ဦးနှင့် ယေရှုပြောခဲ့သောစကားနှင့်ပတ်သက်၍ သူရေးထားသည်ကို နားထောင်ပါ။

> ထိုမိန်းမကလည်း၊ သင်သည်ယုဒလူဖြစ်လျက်ပင်၊ ရှမာရိမိန်းမဖြစ်သော အကျွန်ုပ်ကိုအဘယ်ကြောင့် သောက်ဘို့တောင်းသနည်းဟုဆို၏။ ဆိုသည်အကြောင်းကား၊ ယုဒလူတို့သည် ရှမာရိလူတို့နှင့်ပေါင်းဘော်ခြင်းမရှိ (ယောဟန် ၄:၉)။

ဂျူးများနှင့် ရှမာရိလူများကြားတွင် ခြားနားမှုနှင့်ပတ်သက်၍ သူ့ပရိသတ်အချို့မသိခဲ့ကြကြောင်း ယောဟန်၏မှတ်ချက်တွင် ပေါ်လွင်ပါသည်။ ထို့ကြောင့် ထိုအချက်ကိုသိနားလည်သော ပါလက်စတိုင်းတွင်နေထိုင်ကြသူများအတွက် အဓိကအားဖြင့် ယောဟန်ရေးခဲ့သည်မှာ ယုံကြည်ရန်ခက်လှပါသည်။ အမှန်တကယ်တွင်၊ ယောဟန်၏ပရိသတ်အချို့သည် လူမျိုးခြားဖြစ်နိုင်ဖွယ်ရှိပြီး— ၁:၄၁ နှင့် ၄:၂၅ — တွင်နှစ်ကြိမ်တွေ့ရသောကြောင့်၊ ဂရိစကားလုံး *Christos* သည် "မေရှိယ" ဟူသော ဟေဗြဲအသုံးအနှုန်းနှင့်ညီမျှကြောင်း ရှင်းပြရန်လိုကြောင်း သူခံစားခဲ့သည်။ နောက်ထပ်ဥပမာတစ်ခုအနေနှင့်၊ ယောဟန် ၉:၂၂ ပါယောဟန်၏မှတ်ချက်ကို နားထောင်ပါ_

> ဘုရားသခင်သည်မောရှ၌ ဗျာဒိတ်ထားတော်မူကြောင်းကို ငါတို့သိကြ၏။ ထိုသူသည် အဘယ်က ဖြစ်သည်ကို မသိဟုကဲ့ရဲ့၍ ပြောဆိုကြလျှင်၊ (ယောဟန် ၉:၂၂)။

ဤကျမ်းပိုဒ်တွင်၊ "တရားဇရပ်မှ နှင်ထုတ်ခြင်း"သည် ဂျူးအသိုင်းအဝိုင်းအတွင်းမှ ဖယ်ထုတ်ခံရခြင်းဖြစ်သည်။

ယောဟန်၏ပရိသတ်များတွင် ပါလက်စတိုင်းပြင်ပမှ လူများနှင့် လူမျိုးခြားများပါဝင်သည်ဟု ကျွန်ုပ်တို့ယူဆနိုင်သည်သာမက၊ သူ၏ပရိသတ်သည်လည်း အရေးကြီးသောစိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်နေရကြောင်း ထင်ရှားသည်။ ယောဟန်သည် "ဂျူးများ" ဟူသောအသုံးအနှုန်းကို ယေရှုနှင့်သူ၏နောက်လိုက်များအား ဆန့်ကျင်သူများကို ရည်ညွှန်းသည့်အနေဖြင့်အသုံးပြုမှုအတွက် သဲလွန်စတစ်ခုတွေ့ရသည်။ ဤအကြောင်းအရာသည် အလွန်ထင်ရှားသောကြောင့် ဤခရစ်ဝင်ကျမ်းသည် ဂျူးလူမျိုးမဟုတ်သူများနှင့်သက်ဆိုင်သည်ဟု အချို့သောအနက်ပြန်သူများက စောဒကတက်ခဲ့ကြသည်။ မှန်ပါသည်၊ ယေရှု၊ ယောဟန်နှင့် ယေရှု၏တမန်တော်များသည် ဂျူးလူမျိုးဖြစ်သောကြောင့် ၎င်းသည် လူမျိုးကို ရည်ညွှန်းခြင်းသက်သက်မဟုတ်ပါ။ ၎င်းအစား၊ ယေရှုကို မယုံကြည်ဘဲ အသင်းတော်အား ညှဉ်းပန်းနှိပ်စက်သော ဂျူးများကို ယောဟန်သည်စိတ်ထဲတွင်မြင်နေခဲ့သည်။

ယေရှုနှင့် သူ၏နောက်လိုက်များကို မယုံကြည်သူဂျူးများအားဆန့်ကျင်သူများအဖြစ် ယောဟန်ရည်ညွှန်းသည့်အကြိမ်တိုင်းတွင် ယောဟန်၏ပရိသတ်များသည် သူတို့၏ယုံကြည်ခြင်းအတွက် နှိပ်စက်ညှဉ်းပန်းခြင်းခံရကြောင်း အခိုင်အမာဖော်ပြသည်။ ထို့အပြင် ယောဟန်၏ခရစ်ဝင်ကျမ်းသည် မယုံကြည်သူဂျူးများအနေဖြင့် ယေရှုအားငြင်းပယ်ခြင်းနှင့် ခရစ်ယာန်ဘာသာသို့ကူးပြောင်းခြင်း အကြောင်းရင်းများကို မကြာခဏဖော်ပြသည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်အတွက်၊ နှစ်ခုကိုသာ ဖော်ပြပါမည်။

တစ်ဖက်တွင်၊ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ဆိုသောကြောင့် ပုတ်ခတ်ပြောဆိုခြင်းအဖြစ်မယုံကြည်သူဂျူးများသည် ယေရှုကိုစွပ်စွဲကြသည်။ ယောဟန် ၁၀:၃၆ တွင် ယေရှုသည် မိမိအား ဆန့်ကျင်သူဂျူးများကို ဆုံးမတော်မူပုံကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ငါသည်ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ဆိုသောကြောင့်၊ သင်သည် ဘုရားသခင်ကို လွန်ကျူး၍ပြောသည်ဟု ထိုသူအားဆိုရာသလော။ (ယောဟန် ၁၀:၃၆)။

ဤအခန်းငယ်ဖော်ပြသည့်အတိုင်း၊ ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ယေရှု၏ပြောဆိုမှုသည်သူ့ကိုဂျူးလူမျိုးများ ငြင်းပယ်သည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။

အခြားတစ်ဖက်တွင်၊ ယေရှု၏အတိုက်အခံဂျူးများသည် ကယ်တင်ခြင်းမျှော်လင့်ချက်ကို ဂျူးလူမျိုးတို့တွင်သာမဟုတ် တစ်ပါးအမျိုးသားတို့ထံလည်း ဆောင်ကြဉ်းပေးသောကြောင့် ကိုယ်တော်အား မနှစ်သက်ကြပါ။ ယေရှုသည် ဂျူးတို့၏ကယ်တင်ရှင်သာမက ကမ္ဘာပေါ် ရှိလူမျိုးတိုင်း၏ ကယ်တင်ရှင်ဖြစ်ကြောင်း ယောဟန်သည်သူ၏ပရိသတ်အား ရှင်းလင်းစွာပြောပြသည်။ ဥပမာအားဖြင့်၊ ယောဟန် ၄:၄၂ တွင်၊ ရေတွင်း၌ ယေရှုတွေ့ခဲ့သော ရှမာရိအမျိုးသမီး၏ သက်သေခံချက်ကို ကြားပြီးနောက်ရှမာရိလူမျိုး ၏တုံ့ပြန်ချက်ကို ကျွန်ုပ်တို့ဖတ်ရသည်–

> ဤသူသည် လောကီသားတို့ကိုကယ်တင်တော်မူသော သခင်တည်းဟူသော ခရစ်တော်အမှန်စင်စစ် ဖြစ်တော်မူကြောင်းကိုသိသည်ဟု ဆိုကြ၏ (ယောဟန် ၄:၄၂)။

ယောဟန်၏အမြင်အရ၊ ယေရှုသည် ဂျူးတို့၏ကယ်တင်ရှင်သာမက "လောက၏ကယ်တင်ရှင်" ဖြစ်သည်။

ယေရှုသည်ဘုရားသခင်၏ "တစ်ပါးတည်းသောသားတော်" ဖြစ်ပြီး "ဘုရားသခင်သည် လောကီသားတို့ကို အလွန်ချစ်တော်မူသောကြောင့်" သူ့အားစေလွှတ်ခြင်းဖြစ်ကြောင်း ယောဟန်ဖော်ပြခဲ့သော ယောဟန် ၃:၁၆ ကဲ့သို့သော ကျမ်းပိုဒ်များသည် ယောဟန်၏မူလပရိသတ်အတွက် ဤအကြောင်းအရာနှစ်ခု၏အရေးပါမှုအား ရှင်းပြပေးပါသည်။

> သမ္မာကျမ်းစာမှကျမ်းတိုင်းကို မူလပရိတ်သတ် တစ်စုသို့ ဦးတည်ရေးသားထားပါသည်။ ၂၁ရာစုနှစ်တွင် ရှိနေသည့် ကျွန်ုပ်တို့သည် မူလပထမပရိတ်သတ်များ မဟုတ်ကြပါ။ ဓမ္မသစ်ကျမ်းထဲရှိ ကျမ်းတစ်ကျမ်းချင်းစီကို ကြည့်လျှင် အများစုသည်သြဝါဒစာများ သို့မဟုတ် ပေးစာများဖြစ်ကြောင်း နားလည်ရသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သလို အထောက်အကူဖြစ်နိုင်သည်ဟုလည်း ကျွန်ုပ်ယူဆပါသည်။ သို့ဖြစ်၍ ထိုသြဝါဒစာများကိုဖတ်သည့်အခါ အခြားသူတို့၏စာကို ကျွန်ုပ်တို့ဖတ်နေသည့်သဘောဖြစ်ပါသည်။ သင်သည် ထိုသဘောကို ကျမ်းစာတစ်အုပ်လုံးအတွက် ဆန့်ယူနိုင်လိမ့်မည်ဟု ကျွန်ုပ် ထင်ပါသည်။ ကျွန်ုပ်တို့သည်အသင်းတော်နှင့်သက်ဆိုင်သောကြောင့် ၎င်းတို့သည် ကျွန်ုပ်တို့အတွက်ဖြစ်သည်၊ သို့သော် ၎င်းတို့သည် ဓမ္မသစ်ကျမ်းအရ၊ မူလပထမရာစုခရစ်ယာန်ပရိသတ်ထံ ဦးစွာရေးသားခဲ့သည်။ ထို့ကြောင့်

> မူလအခြေအနေ၊ မူလပရိသတ်၏အကြောင်းအရာနှင့် မူလကျမ်းရေးသူ၏ ဤပရိသတ်ကိုရေးသည့်မူလအခြေအနေကို နားလည်ဖို့ ကြိုးစားမည်ဆိုလျှင် ကျွန်ုပ်တို့သည်ကျမ်းကို ပိုနားလည်လာပါလိမ့်မည်။ ထို့အပြင် ယနေ့ ကျွန်ုပ်တို့၏အခြေအနေတွင်လက်ခံ၍ကျင့်သုံးခြင်းမပြုမီ ထိုမူလအခြေအနေ အပေါ်နားလည်မှုကို ရယူထားရန် ကျွန်ုပ်တို့ပြုသင့်ပါသည်။

**ဒေါက်တာ Robert K. MacEwan**

ကျမ်းရေးသူ၊ အထောက်အထားနှင့် ပရိသတ်များသည် သမ္မာကျမ်းစာ၏အဓိပ္ပာယ်အတွက် လမ်းညွှန်ချက်များအဖြစ် လုပ်ဆောင်နိုင်သည့်နည်းလမ်းများကို ကျွန်ုပ်တို့လေ့လာပြီးနောက်၊ ၎င်းတို့၏ အပြန်အလှန်မှီခိုမှုကို အာရုံစိုက်ကြပါစို့။

# အပြန်အလှန်မှီခိုမှု

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို တာဝန်သိစွာ အနက်ပြန်ဆိုနိုင်ရန်၊ ကျွန်ုပ်တို့ဖော်ပြခဲ့သည့် လမ်းညွှန်ချက်တစ်ခုစီတိုင်းသည် အချက်အလက်များပေးပြီး၊ အပြန်အလှန်အားဖြင့်အချင်းချင်း အချက်အလက်များပေးကြောင်း နားလည်ရန် အလွန်အရေးကြီးပါသည်။ စာရေးသူနှင့်ပတ်သက်သော ကျွန်ုပ်တို့၏အသိပညာသည် သူ၏အထောက်အထားနှင့် မူလပရိသတ်ကို နားလည်ရန် ကူညီပေးပါသည်။ ပရိသတ်အကြောင်း ကျွန်ုပ်တို့သိထားသောအရာများသည် ကျမ်းရေးသူ၏ရည်ရွယ်ချက်နှင့် သူ၏ အထောက်အထား၏ကွဲပြားချက်များကို နားလည်ရန် ကူညီပေးပါသည်။ အထောက်အထား၏စကားလုံးများနှင့် သဒ္ဒါသည် ကျွန်ုပ်တို့အား ကျမ်းရေးသူနှင့် ပရိသတ်အကြောင်း အချက်အလက်များ ပေးသည်။ ထို့ကြောင့်၊ အနက်ပြန်သူများအနေနှင့် ကျွန်ုပ်တို့သည် ဤသတင်းရင်းမြစ်များအားလုံးမှ တတ်နိုင်သမျှ လမ်းညွှန်မှုရယူရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့၏ကျမ်းစာဖတ်ရှုခြင်းတွင် ၎င်းတို့အထဲမှ တစ်ခု သို့မဟုတ် နှစ်ခုကိုမျှသာ မမျှတသောအလေးပေးမှုဖြင့် လွဲချော်မှုမဖြစ်စေရန်ဖြစ်သည်။

ကျမ်းရေးသူ၊ အထောက်အထားနှင့် ပရိတ်သတ်တို့သည် အဓိပ္ပါယ်ကို အပြန်အလှန် ထိန်းကျောင်းကြသည်။ ၎င်းတို့၏ အပြန်အလှန်မှီခိုမှုကို ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ပါက အမှားထဲသို့ ကျရောက်ရန် အလွန်လွယ်ကူပါသည်။

စာရေးသူကို အထူးအလေးပေးမိပါက၊ ကျွန်ုပ်တို့သည် လွဲမှားမှုတစ်ခုအဖြစ်သို့ ရည်ရွယ်ချက် ရှိစွာရောက်သွားတတ်သည်။ ရည်ရွယ်ချက်ရှိစွာလွဲမှားမှုတစ်ခုသည် ကျမ်းရေးသူတစ်ဦးအကြောင်း ကျွန်ုပ်တို့ သိထားသည်နှင့် ၎င်း၏ရည်ရွယ်ချက်များအပေါ်တွင် အလွန်အမှီပြုပြီး၊ အထောက်အထားနှင့် ပရိသတ် အကြောင်း ကျွန်ုပ်တို့လေ့လာသင်ယူထားသည့်အရာများကို အလေးမထားပါ။

သမ္မာကျမ်းစာအနက်ဖွင့်ဆိုချက်တွင် ရည်ရွယ်ချက်ရှိစွာအမှားများကိုကျူးလွန်ရန် နည်းလမ်းများ စွာရှိသည်။ ဥပမာအားဖြင့်၊ ကျွန်ုပ်တို့သည် ကျမ်းရေးသူတစ်ဦး၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူရေးသားသည့်အခါမည်သို့ထင်မြင်ယူဆသည်ကို မခိုင်လုံသောမှန်းဆခြင်းများပြုလုပ်နိုင်သည်။ သို့မဟုတ် ကျွန်ုပ်တို့ အနက်ပြန်ဆိုနေသော ကျမ်းပိုဒ်နှင့် အလွန်သက်ဆိုင်သည်ဟု မှားယွင်းစွာယူဆခြင်းဖြင့် ကျမ်းရေးသူတစ်ဦးနှင့်ပတ်သက်သော မှန်ကန်သောအချက်အလက်များကို လွန်ကဲစွာ အလေးပေးနိုင်ပါသည်။

ယောဟန် ၃:၁၆ ကိုကြည့်ခြင်းအားဖြင့် ရည်ရွယ်ချက်ရှိစွာမှားယွင်းမှုအချို့ကို ဥပမာပေးကြပါစို့။ ယောဟန်သည် ဤအခန်းငယ်ကိုရေးသောအခါတွင်၊ သူ၏စာဖတ်သူများ၏အာရုံကို ဆွဲဆောင်ရန် ခရစ်တော်၏သေခြင်း၌ပြသခဲ့သော ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုဖော်ပြရန် ရည်ရွယ်ထားကြောင်း ကျွန်ုပ်တို့စိတ်ချနိုင်သည်။ သို့သော် ဤစကားလုံးများကိုရေးရန်ယောဟန်ကို လှုံ့ဆော်ပေးသော သိမ်မွေ့သည့်စိတ်ပိုင်းဆိုင်ရာ လွှမ်းမိုးမှုများအားလုံးကို ကျွန်ုပ်တို့သေချာမသိနိုင်ပါ။ သမ္မာကျမ်းစာနှင့် ယုံကြည်စိတ်ချရသောသမိုင်းသည် ဤကဲ့သို့သောကောက်ချက်မျိုးများကိုကောက်ချက်ချရန် ယောဟန်၏အတွင်းစိတ်အတွေးများအကြောင်း လုံလောက်သောသဲလွန်စမပေးပါ။ ကျွန်ုပ်တို့တတ်နိုင်လျှင်ပင်၊ သူ၏ အတွင်းစိတ်အတွေးများသည် ယောဟန် ၃:၁၆ ၏အဓိပ္ပာယ်နှင့် အထူးသက်ဆိုင်မည်မဟုတ်ပေ။

> အခွင့်အာဏာနှင့် ကျမ်းပိုဒ်တစ်ခု၏ ရည်ရွယ်ချက်အပေါ် အလွန်တန်ဖိုးထားသော အနက်ပြန်သူများသည် တစ်ခါတစ်ရံတွင် ရည်ရွယ်ချက်ရှိစွာအမှားအယွင်းကို ကျူးလွန်သည်ဟု စွပ်စွဲခံရသည်၊ ယင်းသည် သမ္မာကျမ်းစာကျမ်းပိုဒ်အပေါ် ကျမ်းရေးသူ၏ အမှန်တကယ်ဆိုလိုသည်များကို ကျွန်ုပ်တို့ တနည်းနည်းဖြင့် မှန်းဆမိသည့် အယူအဆဖြစ်သည်...ထိုအရာသည် ကျမ်းရေးသူများသည် ၎င်းတို့၏ကြားနာသူများအား နားလည်စေလိုသည့်အရာကို ဆက်သွယ်ပြောဆိုနိုင်သည်ဟု ကျွန်ုပ်တို့ မပြောနိုင်ဟု မဆိုလိုပါ။ အမှန်တကယ်တွင် ၎င်းသည် ခေတ်အဆက်ဆက် နားလည်သဘောပေါက်နိုင်ပါသည်။ ထို့ကြောင့်၊ ကမ္ဘာတစ်ဖက်ခြမ်းမှကျွန်ုပ်၏ဇနီးထံ အီးမေးလ် ရေးသည်ဖြစ်စေ၊ ယနေ့သတင်းစာတွင် ရေးနေသည့်စာရေးသူဖြစ်စေ၊ ခေတ်မီစာအုပ်တစ်အုပ်ရေးသည့် စာရေးသူဖြစ်စေ၊ စာရေးသူအားလုံးသည် ထိုစာပိုဒ်၏ရေးသားမှုမှတဆင့် သူတို့မည်သူဖြစ်သည်နှင့် သူတို့၏ သတင်းစကားကို ဆောင်ကြဉ်းပေးပြီး၊ အချို့တို့သည် ထိုစာပိုဒ်မှတဆင့် မိမိကိုယ်ကိုထုတ်ဖေါ်ကြသည့်နည်းလမ်းတစ်ခုရှိသည်ဟု ယူဆကြပါသည်။ ထို့အပြင်၊ သမ္မာကျမ်းစာ၏ အဆုံးစွန်သောရေးသားသူသည် လူသားကျမ်းရေးသူများသာမဟုတ်ပါ၊ ဘုရားရှင်သည် လူသားကျမ်းရေးသူနှင့်အတူ လုပ်ဆောင်နေပါသည်၊ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် ထိုလူသားကျမ်းရေးသူများကို သမ္မာကျမ်းစာရေးသားရာတွင် အဓိကကူညီပေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ သို့သော် ၎င်းသည် ခေတ်သစ်စာဖတ်သူများကိုလည်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်၏စိတ်တော်၌ရှိသောစာရေးသူ၏ဆိုလိုရင်းကို နားလည်နိုင်စေရန် ကူညီပေးပါသည်။

**ဒေါက်တာ Simon Vibert**

ကျွန်ုပ်တို့လုပ်နိုင်သော ဒုတိယအမှားတစ်မျိုးမှာ အထောက်အထားကို အလေးပေးလွန်းခြင်းဖြစ်သည်။ ဤအမှားမျိုးကို မှားယွင်းသောရေးသားခြင်းဟု မကြာခဏခေါ်သည်။ "ရေးသားခြင်း" ဟူသော ဝေါဟာရသည် ဂရိစကားလုံး graphē မှ ဆင်းသက်လာပြီး "စာရေးခြင်း" ဟု အဓိပ္ပါယ်ရသည်။ တစ်ဆက်တည်းတွင်၊ ရေးသားမှုလွဲမှားခြင်းသည် ကျမ်းရေးသူနှင့် ပရိသတ်ကဲ့သို့ ဆက်စပ်ထည့်သွင်းစဉ်းစားခြင်းများကို ဖယ်ထုတ်ခြင်းအတွက် အထောက်အထားကိုယ်တိုင် အထူးအလေးပေးပါသည်။ သမ္မာကျမ်းနှင့် သက်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ အလားတူအထောက်အထားသည် ၎င်းကို မည်သူရေးကြောင်း၊ မည်သူ့အတွက် ဦးတည်ရေးကြောင်း စသည်တို့အပေါ် မူတည်၍ အလွန်ကွဲပြားခြားနားသည့် အဓိပ္ပာယ်များကို ဆောင်ယူနိုင်သည်။ ကျမ်းရေးသူ သို့မဟုတ် မူရင်းပရိသတ်ကို မထောက်ထားဘဲ ၎င်း၏ဝေါဟာရ၊ သဒ္ဒါနှင့် ဖွဲ့စည်းပုံကို ခွဲခြမ်းစိတ်ဖြာရုံမျှဖြင့် ကျမ်းပိုဒ်၏အဓိပ္ပာယ်ကို လုံလောက်စွာ နားလည်သဘောပေါက်နိုင်သည်ဟုယူဆခြင်းဖြင့် ဤအမှားကို ကျွန်ုပ်တို့ကျူးလွန်မိနိုင်ပါသည်။

ရှင်ယောဟန် ၃:၁၆ မှဥပမာတွင်၊ ကျွန်ုပ်တို့သည်အထောက်အထားကို သီးသန့်အာရုံစိုက်ပြီး ယောဟန်နှင့် သူ၏မူလပရိသတ်ကို လျစ်လျူရှုပါက မည်သည့်အရာဖြစ်လာနိုင်သည်ကို စဉ်းစားကြည့်ပါ။ မည်သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ကို ကျွန်ုပ်တို့ မည်သို့သိနိုင်မည်နည်း။ နောက်ဆုံးတွင်၊ ဤကျမ်းချက်သည်သူ့ကို ရှင်းလင်းစွာဖော်ပြမထားပါ။ ယောဟန်သည် ခရစ်ယာန်တစ်ဦးဖြစ်ပြီး ခရစ်ယာန် ပရိသတ်တစ်ဦးထံ စာရေးသည်ကို အကယ်၍စာဖတ်သူများ မသိပါက၊ ၎င်းတို့သည် တာဝန်မဲ့သောယူဆချက်အမျိုးမျိုးကို ပြုလုပ်နိုင်သည်။

ခါနာန်နတ်ဘုရားများကိုကိုးကွယ်သူ အယူမှားတစ်ဦးက "ဘုရားသခင်၏သားတော်" သည် ခါနာန်နတ်ဘုရား El ၏သား ဗာလဖြစ်သည်ဟု ယူဆပေမည်။

လုကာ ၃:၃၈ တွင် အာဒံကို "ဘုရားသခင်၏သားတော်" ဟုခေါ်သည့်အချက်ကို ရင်းနှီးသူတစ်ဦးသည် အာဒံသည်ဘုရားသခင်၏သားတော်ဖြစ်သည် သို့မဟုတ် အာဒံနှင့် ယေရှုသည် အတူတူပင်ဖြစ်သည်ဟု ယောဟန် ၃:၁၆ အားမှားယွင်းစွာကောက်ချက်ချနိုင်သည်။

အခြားစာဖတ်သူများသည် တစ်ပါးတည်းသော သို့မဟုတ် လောကီသား သို့မဟုတ် ထာဝရအသက်ဟူသော သဘောတရားတို့ဖြင့် ရောထွေးနေပေမည်။ ကျမ်းရေးသူနှင့်ပရိသတ်ကို လျစ်လျူရှုမိသည့်အခါ ကျွန်ုပ်တို့ ပြုလုပ်နိုင်သည့်အမှားများစွာ ရှိသည်။

ကျွန်ုပ်တို့ပြုလုပ်နိုင်သည့်အဓိပ္ပာယ်ဖွင့်ဆိုမှုအမှား၏ တတိယအမျိုးအစားမှာ ပရိသတ်ကို အလေးပေးလွန်းခြင်းဖြစ်သည်။ သမ္မာကျမ်းစာသည် ၎င်း၏ပရိသတ်အပေါ် မည်သို့သက်ရောက်မှုရှိသည်ကို လေးလေးနက်နက် အာရုံစိုက်ထားသောကြောင့် ၎င်းကို မကြာခဏဆိုသလို အကျိုးသက်ရောက်မှု

ရှိသောမှားယွင်းမှုဟု ခေါ်သည်။ အနက်ပြန်သူတစ်ဦးသည် မူလပရိသတ်၏ စိတ်သဘောထားကို အလွန်အကျွံမှန်းဆကာ၊ ကျမ်းရေးသူနှင့် အထောက်အထားကို လုံလောက်စွာ ဂရုမစိုက်သည့်အခါ ဤမှားယွင်းမှုသည် မကြာခဏ ကျူးလွန်တတ်သည်။ မူလပရိသတ်အပေါ် သမ္မာကျမ်းစာ၏အကျိုးသက်ရောက်မှုများအပြင် ယုံကြည်စိတ်ချရသောသမိုင်းမှ ပရိသတ်အကြောင်း ကျွန်ုပ်တို့လေ့လာသင်ယူသည့် အရာများကို ထည့်သွင်းစဉ်းစားခြင်းသည် မှန်ကန်ပါသည်။ သို့သော်ကျမ်းပိုဒ်အပေါ် ပရိသတ်၏ ပုဂ္ဂိုလ်ရေး တုံ့ပြန်မှုများကို အလေးပေးဖော်ပြလွန်းခြင်းဖြင့် အကျိုးသက်ရောက်မှုရှိသောလွဲမှားမှုသည် ယင်းကို ကျော်လွန်သွားကာ၊ ကျမ်းစာ၏အကြောင်းအရာနှင့် ယုံကြည်စိတ်ချ၍မရသောဖတ်ရှုခြင်းများကို အစဉ် ဖြစ်ပေါ်စေပါသည်။

ဥပမာအားဖြင့်၊ ယောဟန် ၃:၁၆ တွင်၊ အကျိုးသက်ရောက်မှုရှိသောလွဲမှားမှုသည် မူလပရိသတ်၏အခြေအနေများနှင့် ထာဝရအသက်အကြောင်း ယောဟန်၏သွန်သင်ချက်ကို တုံ့ပြန်ပုံနှင့်ပတ်သက်၍ အလွန်ထင်ကြေးပေးနိုင်သည်။ ယောဟန်သည် အသက်အကြောင်းပြောသောအခါ၊ သူအမှန်တကယ် ဆိုလိုသည်မှာ သူ၏မူလပရိသတ်သည် နိစ္စဓူဝ နှိပ်စက်ညှဉ်းပန်းခြင်းမှ လွတ်မြောက်ခြင်းဖြစ်ပြီး ကျွန်ုပ်တို့ထာဝစဉ်ခံစားရသော ဝိညာဉ်ရေးဆိုင်ရာ ပြန်လည်ဆန်းသစ်မှုနှင့် ကောင်းချီးမင်္ဂလာမဟုတ်ကြောင်း ဆိုလိုခြင်းသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည်ယောဟန် ၏ကျယ်ပြန့်သောသွန်သင်ချက်နှင့် အထောက် အထားကိုယ်တိုင်၏အသေးစိတ်အချက်အလက်များကို လျစ်လျူရှုကာ ၎င်း၏ပရိသတ်အပေါ် ကျမ်းပိုဒ်၏ အကျိုးသက်ရောက်မှုကို အထူးအလေးပေးဖော်ပြပါလိမ့်မည်။

> သမ္မာကျမ်းစာတစ်အုပ်ကို ရေးသားခဲ့သော မူလပရိသတ်၏အရေးပါမှုကို ဤနည်းဖြင့်အထူးအလေးပေးဖော်ပြနိုင်သည်_ ပထမဦးစွာ၊ တိကျစွာ ဖော်ပြမည်ဆိုလျှင်၊ အထူးသဖြင့်ကျွန်ုပ်တို့သည် ၎င်းတို့အကြောင်း ပိုမို သိနားလည်သည်ဟု တွေးထင်မိပါသည်။ အကြောင်းမှာ အမှန်တကယ်တွင် ဓမ္မသစ်ကျမ်းအများစု—နှင့် ဓမ္မဟောင်းကျမ်းများလည်းပါဝင်သော်လည်း ဓမ္မသစ်ကျမ်းကိုသာပြောပါမည်—ဓမ္မသစ်ကျမ်းအများစုအတွက် ၎င်းတို့ ရေးသားခဲ့သော ပရိသတ်အကြောင်း ကျွန်ုပ်တို့အလုံးစုံမသိပါ။ ထို့ကြောင့် ပရိသတ်အကြောင်း ကြိုးစား၍စဉ်းစားသည့်အခါ၊ သင့်လျော်မှုမရှိသည့် ပရိသတ်ကို ယူဆနေသည့်အတွက် အဓိပ္ပာယ်လွဲမှားနိုင်ဖွယ်ရှိပါသည်။ ဟေဗြဲဩဝါဒစာသည်…ကျွန်ုပ်၌ အထူးပြုလေ့လာသည့်ကျမ်းတစ်ကျမ်းဖြစ်ပြီး၊ ဟေဗြဲဩဝါဒစာရေးသားခဲ့သော ပရိသတ်နှင့်ပတ်သက်၍ လူများသည် အမျိုးမျိုးယူဆကြသည်…အမှန်တကယ်တွင်၊ တိကျသောပရိသတ်ကို ကျွန်ုပ်တို့မသိသောကြောင့် ၎င်းတို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လွဲမှားစေသည်။ ထို့ကြောင့် ပထမရာစုတွင်ရေးသားခဲ့သော ကျမ်းများကိုနားလည်ရန် အရေးကြီးပါသည်။ ထိုရာစုနှစ်၏ယဉ်ကျေးမှုနှင့် ဘာသာစကားတို့၏ မည်သို့ရေးသားခဲ့ပုံတို့ကိုနားလည်ရန် အရေးကြီးပါသည်။ သို့သော် မူလပရိသတ်တစ်ဦး၏စိတ်ကူးကို ကျွန်ုပ်တို့သိထားသည်ထက်ကျော်လွန်၍



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မဖန်တီးမိရန်လည်း အရေးကြီးပါသည်။ ဥပမာ ခရစ်ဝင်ကျမ်းများသည်၊ အသင်းတော်အား ပြုစုပျိုးထောင်ရန် ခရစ်ယာန်များထံ ရေးထားသည်ကို ကျွန်ုပ်တို့သိသော်လည်း ထိုထက်ပို၍မသိပါ။ ထို့ပြင် ကျွန်ုပ်တို့သိသည်ဟု မတွေးဖို့ရန် အရေးကြီးပါသည်။ အကယ်၍တွေးပါက၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို လွဲမှားစွာ အဓိပ္ပာယ်ဖွင့်ဆိုလိမ့်မည်။

**ဒေါက်တာ Gary Cockerill**

ဝမ်းနည်းစရာမှာ၊ ရည်ရွယ်ချက်ရှိစွာလွဲမှားမှု၊ ရေးသားခြင်းလွဲမှားမှုနှင့် အကျိုးသက်ရောက်မှုရှိသော မှားယွင်းမှုများကဲ့သို့သော အမှားများသည် — အထူးသဖြင့် လမ်းညွှန်ချက်အချို့နှင့် ပတ်သက်သော အချက်အလက်များစွာမရှိသည့်အခါ ကျွန်ုပ်တို့တွင် ပြုလုပ်ရန်လွယ်ကူပါသည်။ အမှန်တကယ်တွင် ကျမ်းရေးသူ သို့မဟုတ် ပရိသတ်အကြောင်း ကျွန်ုပ်တို့ များစွာမသိနိုင်ပါ။ သမ္မာကျမ်းစာမှ ကျမ်းအများစု သည် အမည်မသိဖြစ်ပြီး၊ ၎င်းတို့၏ပရိသတ်များကို ထင်ရှားစွာ မဖော်ပြထားပါ။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် အထောက်အထားနှင့်ပတ်သက်သည့် အရေးကြီးသောအချက်အလက်များပင် မတွေ့နိုင်ပါ။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ မူလဘာသာစကားများတွင်ဖော်ပြထားသော အကြောင်းအရာများ၏ သက်ရောက်မှုများကဲ့သို့ ၎င်း၏အင်္ဂါရပ်အားလုံးကို နားလည်ရန် ကူညီပေးသည့် အရင်းအမြစ်များကို ကျွန်ုပ်တို့ အမြဲမရရှိပါ။ ကျွန်ုပ်တို့၏အချက်အလက်များသည် ပိုမိုကန့်သတ်ထားသောအခါ၊ ကျွန်ုပ်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပိုမိုယေဘုယျဆန်စေခြင်းသည် ပညာရှိရာရောက်ပါသည်။ သို့တိုင်၊ ကျွန်ုပ်တို့ သည် ကျမ်းရေးသူ၊ အထောက်အထားနှင့် ပရိသတ်ထံမှ ရရှိသည့် လမ်းညွှန်ချက်၏ အပြန်အလှန်မှီခိုမှုကို မှန်ကန်စွာ ထည့်သွင်းတွက်ချက်သောအခါ၊ ဤလမ်းညွှန်ချက်များမှ ကျွန်ုပ်တို့ သင်ယူသမျှ အရာအားလုံးသည် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပိုမိုကောင်းမွန်လာစေသည်။

အဓိပ္ပာယ်ဖော်ထုတ်ခြင်းဆိုင်ရာ ကျွန်ုပ်တို့၏ဆွေးနွေးမှုတွင် ယခုအချိန်အထိ၊ အဓိပ္ပါယ်အတွက် အရေးကြီးသောလမ်းညွှန်ချက် (၃) ခုကို ကျွန်ုပ်တို့ဖော်ပြထားပါသည်။ ထို့ကြောင့်၊ ယခု ကျွန်ုပ်တို့သည် ကျမ်းပိုဒ်များ၏အဓိပ္ပာယ်ကို အနှစ်ချုပ်များစွာပြုလုပ်ခြင်း၏တန်ဖိုးကို လေ့လာရန် အသင့်ဖြစ်နေပြီဖြစ်သည်။

# အနှစ်ချုပ်များ

အကယ်၍ သင်သည် အသင်းတော်တွင် ကြာမြင့်စွာပါဝင်သူဖြစ်ပါက၊ သင်းအုပ်ဆရာတစ်ဦးသည်တူညီသော သမ္မာကျမ်းစာကျမ်းပိုဒ်အား တစ်ကြိမ်ထက်ပို၍ တရားဟောသည်ကို သင်ကြားဖူးပေ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မည်။ တရားဟောချက်တို့သည် မကြာခဏ ကွဲပြားသည်။ အမှန်တကယ်ပင်၊ ၎င်း၏အဓိပ္ပါယ်ကို ချိုးဖျက်ခြင်း မရှိဘဲ၊ တူညီသော ကျမ်းပိုဒ်မှ မတူညီသော တရားဒေသနာများ၊ အလွန်ကွဲပြားသော တရားဒေသနာ များကို ဟောကြားနိုင်ပါသည်။ ၎င်းသည် မည်သို့ဖြစ်နိုင်မည်နည်း။ ရိုးရှင်းစွာပြောရလျှင်၊ လူသား၏ သမ္မာကျမ်းစာအား အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ယင်း၏အဓိပ္ပာယ်ကိုအလုံးစုံ သို့မဟုတ် ပြည့်စုံစွာဖော်ပြနိုင် မည်မဟုတ်ပါ။ နောက်ထပ်လေ့လာစရာများ အစဉ်ရှိနေသည်။ ထို့အတွက်ကြောင့်၊ ကျွန်ုပ်တို့သည် ကျမ်းပိုဒ်များတို့၏ဆိုလိုရင်းကို ပိုမိုနားလည်နိုင်ရန်အတွက် သမ္မာကျမ်းစာကိုအနှစ်ချုပ်ဖော်ပြရန် နည်းလမ်းအသစ်များကို အမြဲရှာဖွေနေရမည်ဖြစ်သည်။

သမ္မာကျမ်းစာအတွင်းရှိ အဓိပ္ပာယ်ကို ရှာဖွေဖော်ထုတ်ရန် အသုံးဝင်ဆုံးနည်းလမ်းတစ်ခုမှာ ကျမ်းပိုဒ်တစ်ခုအားအကျဉ်းချုပ်များစွာကို ပြုလုပ်ခြင်းဖြစ်သည်။ ဤသင်ခန်းစာ၏အကြောင်းအရာတွင်၊ ကျွန်ုပ်တို့သည် အနှစ်ချုပ်ဟူသောစကားလုံးကိုအောက်ပါကဲ့သို့အသုံးပြုပါမည်_

စာပိုဒ်တစ်ခု၏ဖော်ပြချက်

သာမာန်အားဖြင့် အနှစ်ချုပ်သည် သီးခြားအမြင်တစ်ခုမှ ဆင်းသက်လာမည် သို့မဟုတ် ကျမ်းပိုဒ်တွင်ပါရှိသည့် သီးခြားအယူအဆတစ်ခုကို အလေးပေးမည်ဖြစ်သည်။ ကျမ်းပိုဒ်တိုင်းသည် ရှုပ်ထွေးသော အဓိပ္ပာယ်ရှိပြီး၊ အနှစ်ချုပ်များသည် ကျွန်ုပ်တို့၏လေ့လာမှုကို ကျဉ်းမြောင်းစေကာ၊ ကျွန်ုပ်တို့အား ကျမ်းပိုဒ်၏ဆိုလိုသည့်အပိုင်းကိုသာ အာရုံစိုက်စေမည်ဖြစ်သည်။

ရှုပ်ထွေးပြီး စိတ်ကူးယာဉ်ပြဇာတ်တစ်ပုဒ်ကို ကြည့်ရှုသည့် ကျောင်းသားအုပ်စုကို တွေးကြည့်ခြင်းဖြင့်အနှစ်ချုပ်၏သဘောတရားကို ကျွန်ုပ်တို့ သရုပ်ဖော်နိုင်သည်။ တင်ဆက်မှုအပြီးတွင် ကျောင်းသားများအား ပြဇာတ်၏အဓိပ္ပါယ်ကို အနှစ်ချုပ်ခိုင်းသည်။ ကျောင်းသားတစ်ဦးသည် ဇာတ်လမ်းတစ်လျှောက်လုံး တွင် ဇာတ်ကောင်များ သရုပ်ဆောင်ပုံကိုဖော်ပြခြင်းဖြင့် ပြဇာတ်ကို အနှစ်ချုပ်ဖော်ပြသည်။ နောက်တစ်ဦးသည် အဖြစ်အပျက်များကို အစီအစဉ်အတိုင်း အနှစ်ချုပ်ဖော်ပြသည်။ အခြားတစ်ဦးမှာ ပြဇာတ်ရေးဆရာသည် ခေတ်ကာလ၏ယဉ်ကျေးမှုတန်ဖိုးများကို တင်ပြနေပုံကိုဖော်ပြသည်။ နောက်ဆုံးတွင်၊ ကျောင်းသားတစ်ဦးသည် လှပသောဇာတ်ခုံနှင့် တင်ဆက်သည့်ဘာသာစကားသည် သူ့အား ပုဂ္ဂိုလ်ရေးအရ မည်သို့အကျိုးသက်ရောက်စေကြောင်း ဖော်ပြသည်။ ဤတုံ့ပြန်မှုအားလုံးသည် တင်ပြချက်၏အဓိပ္ပာယ်ဆိုင်ရာ မှန်ကန်သည့်အနှစ်ချုပ်များ ဖြစ်သည်။ သို့သော် ဤမည်သည့်အနှစ်ချုပ်မှ ဇာတ်လမ်း၏အဓိပ္ပါယ်အပြည့်အစုံကို အပြည့်အဝ မဖော်ပြနိုင်ပါ။ အကယ်၍ကျွန်ုပ်တို့သည် ဇာတ်လမ်း၏ အဓိပ္ပါယ်အပြည့်အစုံကို ရှာဖွေနေပါက၊ ဤအနှစ်ချုပ်များနှင့် အခြားအရာများအားလုံးကို ထည့်သွင်းရန် လိုအပ်မည်ဖြစ်ပါသည်။ သို့သော် ၎င်းသည် များစွာသော အနှစ်ချုပ်များကို ပြုလုပ်ခြင်း၏ အလွန်အသုံးဝင် သော အကြောင်းရင်းတစ်ခု ဖြစ်သည် — ၎င်းသည် ကျွန်ုပ်တို့အား အဓိပ္ပာယ်တစ်ခုချင်းစီ၏ ရှုထောင့်များကို အာရုံစိုက်စေပြီး၊ ဇာတ်လမ်း၏အဓိပ္ပါယ်အပြည့်အစုံကို ပိုမိုလေ့လာနိုင်စေပါသည်။

ကျမ်းစာ၌လည်း အလားတူပင်ဖြစ်သည်။ သမ္မာကျမ်းစာပါ ကျမ်းပိုဒ်တစ်ပိုဒ်၏ အဓိပ္ပာယ်ကို အနှစ်ချုပ်ရန်မှန်ကန်သည့်နည်းလမ်းများစွာ ရှိနိုင်ပြီး၊ ဤအနှစ်ချုပ်များသည် ၎င်းကျမ်းပိုဒ်၏အဓိပ္ပာယ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကိုကောင်းစွာနားလည်ရန် ကူညီပေးနိုင်သည်။ စုပေါင်းထားသောမှန်ကန်သည့်အနှစ်ချုပ်များစွာသည် ကျွန်ုပ်တို့အား ကျမ်းပိုဒ်၏ ပြည့်စုံသောအဓိပ္ပါယ်နှင့် ပိုမိုနီးစပ်စေပါသည်။

သမ္မာကျမ်းစာအဓိပ္ပာယ်ကို အနှစ်ချုပ်ဖော်ပြခြင်း၏အကျိုးကျေးဇူးကို ဖော်ပြသည့် အဓိက အချက်သုံးချက်ကို ကျွန်ုပ်တို့ သုံးသပ်ပါမည်။ ပထမ၊ ကျမ်းပိုဒ်၏ရှုပ်ထွေးမှုကို ကျွန်ုပ်တို့ကြည့်ပါမည်။ ဒုတိယ၊ အနက်ပြန်သူ၏ထူးခြားမှုကို ဖော်ပြပါမည်။ တတိယ၊ ကျမ်းပိုဒ်အနှစ်ချုပ်ရန် ပရိသတ်၏ လိုအပ်ချက်များကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။ ကျမ်းပိုဒ်၏ရှုပ်ထွေးမှုကို လေ့လာခြင်းဖြင့် စတင်ကြပါစို့။

# ကျမ်းပိုဒ်၏ရှုပ်ထွေးမှု

အစောပိုင်းသင်ခန်းစာတွင် ကျွန်ုပ်တို့လေ့လာခဲ့သည့်အတိုင်း၊ ကျမ်းစာပိုဒ်များ၏ ရှုပ်ထွေးမှုသည် အဓိကအားဖြင့် ၎င်းတို့၏မူလအဓိပ္ပာယ် သို့မဟုတ် ပကတိသဘောအရ ဖြတ်တောက်ထားသော ကျောက်မျက်ရတနာကဲ့သို့ များပြားသည့်မျက်နှာပြင်ကြောင့် ဖြစ်သည်။ ၎င်းတို့တွင် သမိုင်းဆိုင်ရာ အချက်အလက်များ၊ အယူဝါဒများ၊ ကိုယ်ကျင့်တရားဆိုင်ရာတာဝန်များ၊ ကယ်တင်ခြင်းနှင့် နောက်ဆုံးသောကာလဆိုင်ရာတို့ကို ကိုယ်စားပြုသည့် အသွင်အပြင်များရှိသည်။ သမ္မာကျမ်းစာကျမ်းပိုဒ်တိုင်းသည် ကျွန်ုပ်တို့၏ အတွေးများ၊ စကားလုံးများနှင့် လုပ်ရပ်များအတွက် ကိုယ်ကျင့်တရားဆိုင်ရာ သက်ရောက်မှု များကို ဆက်သွယ်ပေးပါသည်။ ကျမ်းပိုဒ်တိုင်းသည် ကျွန်ုပ်တို့ အားသမိုင်းနှင့် ကယ်တင်ခြင်းအကြောင်း တစ်စုံတစ်ရာ သင်ကြားပေးပြီး၊ အနာဂတ်နှင့်ပတ်သက်သော ကျွန်ုပ်တို့၏မျှော်လင့်ချက်များကို ပုံဖော်ရာ တွင် ကူညီပေးပါသည်။ ကျမ်းပိုဒ်တစ်ခုချင်း ဆက်သွယ်ထား သည့် ဤအရာတစ်ခုစီကို အကျဉ်းချုပ် အတွက် အခြေခံအဖြစ် အသုံးပြုနိုင်သည်။

အမှန်တကယ်တွင်၊ သမ္မာကျမ်းစာ၏အဓိပ္ပာယ်သည် ဘက်စုံများပြားသောကြောင့်၊ ၎င်းကို ပုံစံ အမျိုးမျိုးဖြင့်အနှစ်ချုပ်နိုင်ပြီး ၎င်း၏ပကတိသဘောအတိုင်း မှန်ကန်ဆဲဖြစ်သည်။ ကျွန်ုပ်တို့၏အနှစ်ချုပ် များသည် မည်သည့်အခါမျှ ပြည့်စုံမည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်တို့သည် စစ်မှန်ပြီး ကွဲပြားခြားနားသည့် နောက်ထပ်အနှစ်ချုပ်များကို အစဉ်ပြုလုပ်နိုင်သည်ဟု သမ္မာကျမ်းစာ၏ရှုပ်ထွေးမှုသည်ဆိုလိုသည်။

ကျမ်းပိုဒ်တစ်ပိုဒ်သည် အခြားတစ်ခုကို အမှန်တကယ် အနှစ်ချုပ်ဖော်ပြသည့်နေရာအချို့ကို ကြည့်ရှုခြင်းဖြင့် ဤအယူအဆကိုလေ့လာကြည့်ကြပါစို့။ ဆာလံ ၁၁၀:၁ မှ ဤစကားများကို သုံးသပ်ကြည့် ပါ_

> ထာဝရဘုရားက၊ သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ၊ ငါမချထားမီတိုင်အောင်၊ ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု ငါ၏သခင်အား မိန့်တော်မူ၏ (ဆာလံ ၁၁၀:၁)။

ဓမ္မသစ်ကျမ်းသည် ဆာလံ ၁၁၀:၁ ကို မကြာခဏကိုးကားသည်။ သို့သော် ကိုးကားသည့်အချိန် တိုင်းတွင် မူလအဓိပ္ပါယ်၏ မတူညီသောရှုထောင့်ကို အာရုံစိုက်ပါသည်။ ထို့ပြင် ဆာလံကျမ်း၏မူလ အဓိပ္ပာယ်နှင့်ပတ်သက်ပြီး အခြားကျမ်းပိုဒ်များတွင်ပါရှိသည့် ကိုးကားချက်တစ်ခုမျှ မပါဝင်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဥပမာ၊ ယေရှုသည် လုကာ ၂၀:၄၁-၄၄ တွင် မေရှိယသည် ဒါဝိဒ်၏သာမာန်သားထက်သာလွန်ကြောင်းပြသရန် ၎င်းကိုကိုးကားခဲ့သည်။

တမန်တော် ၂:၃၂-၃၆ တွင် ယေရှုသည် ဒါဝိဒ်၏အမွေဆက်ခံသူဖြစ်သောကြောင့် ကောင်းကင်ပလ္လင်သို့တက်သွားသော ယေရှုသည် သခင်နှင့်ခရစ်တော်ဖြစ်ကြောင်း သက်သေပြရန် ပေတရုအသုံးပြုခဲ့သည်။

ဆာလံ ၁၁၀:၁ ပါစကားလုံးများသည် ဒါဝိဒ်၏သခင်အား ဟောပြောကြောင်းကိုလည်း ဓမ္မသစ်ကျမ်းကအသိအမှတ်ပြုပါသည်။ ထို့ကြောင့်၊ ဓမ္မသစ်ကျမ်းပိုဒ်များစွာသည် မြေကြီးပေါ်တွင် ခရစ်တော်၏ အုပ်စိုးခြင်းကို ရည်ညွှန်းရန် ဆာလံ ၁၁၀ ကိုအသုံးပြုသည်။ ဧဖက် ၁:၂၀-၂၂၊ ၁ ကောရိန္သု ၁၅:၂၅ နှင့် ဟေဗြဲ ၁၀:၁၃ အားလုံးတို့သည် ခရစ်တော်ပြန်ကြွလာချိန်အထိ ဆာလံ၏မူလအဓိပ္ပာယ်ကို ကိုးကား၍ ဤကဏ္ဍကိုအနှစ်ချုပ်ထားသည်။ ဟေဗြဲ ၁:၁၃ သည်ယေရှု၏အခွင့်အာဏာသည် ကောင်းကင်တမန်များ ၏ဓမ္မအမှုထက်သာလွန်ကြောင်း သက်သေပြရန် အသုံးပြုသည်။

ဆာလံ ၁၁၀:၁ ကိုရည်ညွှန်းသော ဤဓမ္မသစ်ကျမ်းတစ်ခုစီသည် ဆာလံ၏မူလအဓိပ္ပာယ်ကို သစ္စာစောင့်သိသည်။ သို့သော် တစ်ခုစီသည် ထိုမူလအဓိပ္ပာယ်၏ မပြည့်စုံသော အကျဉ်းချုပ်တစ်ခုဖြစ်ပြီး ကွဲပြားသော အလေးပေးမှုရှိသည်။ ကျမ်းပိုဒ်၏ ရှုပ်ထွေးပြီး များပြားသည့်မူလအဓိပ္ပာယ်ကြောင့်ဖြစ်နိုင် သည်။

> ဓမ္မသစ်ကျမ်းရေးသူများသည် ဓမ္မဟောင်းကျမ်းကို ဂျူးဘာသာပြန်
> ထုံးတမ်းစဉ်လာများတွင် ရှေးကျမ်းပိုဒ်များကို အသုံးပြုရာတွင်
> အလွန်အသုံးများသည့် နည်းလမ်းများဖြင့် အသုံးပြုကြသည်။ အချို့လူများက
> ဤနည်းလမ်းကို *midrashic* နည်းပညာများဟု ခေါ်ကြသည်။
> ရှုပ်ထွေးလေ့ရှိသော ကျမ်းပိုဒ်များထဲမှတစ်ခုမှာ မဿဲ၏ခရစ်ဝင်ကျမ်းတွင်ရှိပြီး၊
> ပြည့်စုံခြင်း ပုံသေနည်းဟု အချို့ကခေါ်သည်—"ပြည့်စုံခဲ့ပြီ…"မဿဲ ၂ တွင်၊
> ခရစ်တော်နှင့် သူ၏မိသားစုသည် အီဂျစ်ပြည်သို့ထွက်ပြေးပြီး
> အီဂျစ်ပြည်မှပြန်လာသောအခါ၊ မဿဲသည် ဟောရှေကိုကိုးကားကာ"ငါ့သားကို
> အီဂျစ်ပြည်မှငါခေါ် ခဲ့ပြီ " ဟု ဆိုသည်။ မကြာခဏဆိုသလိုပင်၊
> သမ္မာကျမ်းစာဝေဖန်သုံးသပ်သူများသည် ထိုကျမ်းပိုဒ်ကိုကိုးကားပြီး၊
> လွန်ခဲ့သောနှစ်ပေါင်းရာနှင့်ချီသောကာလ ဤစကားလုံးများကို
> ဟောရှေရေးသားချိန်၏ မူလဆိုလိုချက်နှင့် မည်သို့ ဆက်စပ်နိုင်သနည်းဟု
> ဆိုကြသည်။ အထူးသဖြင့် မဿဲ၏ပထမအခန်းကြီး လေးခန်းကို ကြည့်ပါက၊
> ယေရှုသည် ဣသရေလလူမျိုးကို အမှန်တကယ် ကိုယ်စားပြုကြောင်း
> မဿဲသည် ပြသနေခြင်းဖြစ်သည်။ သူသည် စံပြဣသရေလလူမျိုးဖြစ်သည်၊
> သူသည် ဘုရားသခင်၏ စံပြသားတော်ဖြစ်သည်။ ထွက်မြောက်ရာကျမ်းတွင်
> ဣသရေလလူမျိုးကို "ငါ့သား" ဟုခေါ်ဆိုခြင်းကို ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း၊

ယေရှုသည် တောသို့သွားကာ စုံစမ်းနှောင့်ယှက်ခြင်းခံကာ ထိုသွေးဆောင်မှုကို လွှတ်မြောက်ပြီး သားဖြစ်ခြင်းစမ်းသပ်မှုကို အောင်မြင်ခဲ့သည်။ အခန်း ၂ တွင်မူ၊ သူနှင့်သူ၏မိသားစုသည် အီဂျစ်ပြည်သို့ ထွက်ပြေးကြပြီး အီဂျစ်ပြည်မှ ထွက်လာသောအခါတွင်၊ သူသည် ဣသရေလအမျိုးအားလုံးကို ကိုယ်စားပြုသည်။ ၎င်းသည် သမ္မာကျမ်းရေးသူများ၏ ပုံစံဆိုင်ရာပညာဟုခေါ်သည့် အယူအဆဖြစ်သည်_ သူသည် စံနမူနာတစ်ခုကို ဖြည့်ဆည်းနေသည်၊ ဣသရေလသည် အီဂျစ်ပြည်မှ ထွက်လာသည့်နည်းတူ ကိုယ်တော်သည် အီဂျစ်ပြည်မှ ထွက်လာကာ၊ ဣသရေလကို ကိုယ်စားပြုကြောင်း ကျွန်ုပ်တို့ နားလည်ရပေမည်။ အထူးသဖြင့် မဿဲ၏ပထမအခန်းကြီးလေးခန်းတွင် ခရစ်တော်ကိုဖော်ပြသည့် အခြားကျမ်းပိုဒ်များကို ကြည့်သောအခါ၊ သူသည် ဘုရားသခင်၏သားတော်၊ သူသည် ဒါဝိဒ်၏သားဖြစ်သည်၊ သူသည် ဣသရေလလူမျိုး၏စံနမူနာဖြစ်သည်ဟူသော ဤပုံစံသည် အမှန်တကယ်ပင် ထွက်ပေါ်လာသည်။

**ဒေါက်တာ Greg Perry**

ဓမ္မသစ်ကျမ်းရေးသူများသည် ဓမ္မဟောင်းစာပေကိုအသုံးပြုပုံတို့ကို မြင်ရသောလူတို့သည် စိတ်အနှောင့်အယှက်ဖြစ်လေ့ရှိကြသည်။ အကြောင်းမှာ အထူးသဖြင့် စာသင်ကျောင်းများတွင် သင်ပေးခြင်းမရှိခြင်းကြောင့် ၎င်းတို့ကို ဓမ္မဟောင်းကျမ်းရေးသူများအသုံးပြုပုံနှင့်အညီ အလွန်ဂရုတစိုက်အသုံးပြုရန် လိုအပ်သည်။ ပထမဦးစွာ၊ ဓမ္မသစ်ကျမ်းရေးသူများသည် ဓမ္မဟောင်းကျမ်းကို မတူညီသောနည်းလမ်းသုံးမျိုးဖြင့် အသုံးပြုကြောင်း ကျွန်ုပ်တို့နားလည်ရန် လိုအပ်ပါသည်။ တစ်ခါတရံတွင် သူတို့သည်တိုက်ရိုက်ကိုးကားပြီး အဓိပ္ပာယ်ဖွင့်ဆိုကြသည့်အခါတွင်လည်း ကျွန်ုပ်တို့ လုပ်သည့်နည်းလမ်းနှင့် အလွန်နီးစပ်စွာ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ အခြားအချိန်များတွင်၊ သူတို့သည် ဓမ္မဟောင်းကျမ်းအားတစ်စုံတစ်ရာကို ရည်ညွှန်းပြောဆိုသည့်အရာတစ်ခုအဖြစ် ရည်ညွှန်းအသုံးပြုကြသည်။ သူတို့သည် ၎င်းကို အမှန်တကယ် အဓိပ္ပါယ်ဖော်ခြင်း မရှိကြပါ။ သူတို့သည်သာမာန် အယူအဆတစ်ခုသာ ထုတ်ကြသည်။ ထို့ပြင် သူတို့သုံးသည့် တတိယနည်းမှာ သရုပ်ဖော်ပြရန်ဖြစ်သည်။ ၎င်းတို့ လုပ်ဆောင်နေသည့်အချက်ကို သရုပ်ဖော်ရန်၊ ၎င်းတို့သည် ဓမ္မဟောင်းကျမ်းမှ ပုံဥပမာတစ်ခုအဖြစ် တစ်စုံတစ်ရာကိုဆွဲထုတ်ကြပြီး၊ ယင်း၏အကြောင်းအရာ သို့မဟုတ် ထိုအရာမျိုးအတွက် အမှန်တကယ် စိတ်မပူကြဘဲ သရုပ်ဖော်ခြင်းဖြင့်သာ

> အသုံးပြုနေကြပါသည်။ ဓမ္မသစ်ကျမ်းတွင် ဓမ္မဟောင်းကျမ်း၏ အသုံးပြုမှုတိုင်းကို တိုက်ရိုက်ပြန်ဆိုထားသည့် ကိုးကားချက်အဖြစ် ရည်ရွယ်သည်ဟု ကျွန်ုပ်တို့ယူဆပါက၊ ဓမ္မဟောင်းကျမ်း၏ အသုံးပြုမှုအများစုသည် ရည်ညွှန်းချက် သို့မဟုတ် သရုပ်ဖော်ချက်ဖြစ်သော ကြောင့် ကျွန်ုပ်တို့တွင် ပြဿနာရှိမည်ဖြစ်သည်။ ၎င်းကို ကျွန်ုပ်တို့နားလည်လျှင်၊ ဤသို့ခွဲခြားမှုမျိုးလုပ်ဆောင်လျှင်၊ ကိစ္စရပ်များစွာတွင် ပြဿနာများ ပျောက်ကွယ်သွားမည်ဟု ထင်ပါသည်။
>
> **ဒေါက်တာ John Oswalt**

အမှန်တကယ်တွင်၊ ကျမ်းပိုဒ်တိုင်းတွင်လည်း အလားတူပင်ဖြစ်သည်။ ကျမ်းပိုဒ်တိုင်းသည် မှန်ကန်သည့်အနှစ်ချုပ်များစွာကို ဖြစ်ပေါ်စေသည်။ ကျွန်ုပ်တို့အတွက် တန်ဖိုးအရှိဆုံး အနှစ်ချုပ်များသည် တစ်နေရာနှင့်တစ်နေရာ၊ အချိန်အခါနှင့် လူတစ်ဦးနှင့်တစ်ဦး ကွဲပြားသည်။ သမ္မာကျမ်းစာ၏အနှစ်ချုပ် တိုင်းသည် ညီတူညီမျှတန်ဖိုးရှိသည် သို့မဟုတ် မှန်ကန်သည်မဟုတ်ပါ။ သို့သော် ခေတ်တိုင်းတွင် အသင်းတော်အတွက် တိကျပြီး အသုံးဝင်သော ကျမ်းစာပိုဒ်များ၏ မူလအဓိပ္ပာယ် အနှစ်ချုပ်များစွာရှိ သည်။

ယခု ကျမ်းပိုဒ်၏ရှုပ်ထွေးမှုသည် ကျွန်ုပ်တို့အား အနှစ်ချုပ်များစွာသို့ ပို့ဆောင်နိုင်ပုံကို မြင်ရပြီး နောက်၊ အနက်ပြန်သူ၏ထူးခြားမှုကို အာရုံစိုက်ကြပါစို့။

# အနက်ပြန်သူ၏ထူးခြားမှု

အစောပိုင်းသင်ခန်းစာတစ်ခုတွင်၊ သမ္မာကျမ်းစာ၏အဓိပ္ပာယ်ကို အခွင့်အာဏာ-ဒိုင်ယာလော့ ချဉ်းကပ်နည်းကို အသုံးပြု၍ထောက်ခံအားပေးခဲ့သည်။ နည်းလမ်းများသည် သမ္မာကျမ်းစာစံနှုန်းများနှင့် ကိုက်ညီသရွေ့ ရည်ရွယ်ချက်သမ္မာတရားကို သမ္မာကျမ်းစာတွင် တွေ့ရှိနိုင်သည်ဟု အခွင့်အာဏာ-ဒိုင်ယာလော့ပုံစံသည် အသိအမှတ်ပြုကြောင်း သင်မှတ်မိပေမည်။ အခွင့်အာဏာ-ဒိုင်ယာလော့ပုံစံတစ်ခု ၏တန်ဖိုးရှိသော ရှုထောင့်တစ်ခုမှာ အနက်ပြန်သူအားလုံးသည် မတူညီသော စိုးရိမ်မှု၊ ယူဆချက်၊ နောက်ခံများနှင့် မေးခွန်းများပါရှိသည့် ကျမ်းစာအရေးအသားများဖြင့် ဆောင်ရွက်ကြသည်ကို မီးမောင်းထိုးပြခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးစီအား မတူညီသောဆုကျေးဇူး ပေးသောကြောင့် ကျွန်ုပ်တို့ တစ်ဦးစီသည် သမ္မာကျမ်းစာကို ကွဲပြားစွာဖတ်ရှုကြသည်။ ကျွန်ုပ်တို့ အားလုံးတွင် အားသာချက်များနှင့် အားနည်းချက်များရှိပြီး ကျွန်ုပ်တို့၏ထူးခြားသောအသိပညာနှင့် အတွေ့အကြုံများအပေါ်အခြေခံ၍ အချက်အလက်များကို နည်းလမ်းအမျိုးမျိုးဖြင့် ကျွန်ုပ်တို့လုပ်ဆောင် ကြသည်။ ကျွန်ုပ်တို့တစ်ဦးစီသည် အခြားသူများ၏အားသာချက်များမှ အကျိုးခံစားနိုင်စေရန် ဘုရားသခင်သည် သူ၏အသင်းတော်ကို ပုံစံပြု ထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လူတို့၏ဆုကျေးဇူးများနှင့် နောက်ခံတို့သည်ထူးခြားသည့်နည်းလမ်းများနှင့် ကျမ်းပိုဒ်များကို အနှစ်ချုပ်ရန် သူတို့ကိုလမ်းပြပေးသည်။ ဥပမာ၊ သမိုင်းပညာရှင်တစ်ဦးသည် ကမ္ဘာဦးကျမ်း ၁ ၏ အဓိပ္ပာယ်ကို အနုပညာရှင်တစ်ဦးထက် ကွဲပြားစွာ အနှစ်ချုပ်နိုင်သည်။ ဘုရားသခင်သည် အလင်းနှင့် အမှောင်၊ ရေနှင့် သွေ့ခြောက်သောမြေ၊ အပင်များနှင့် တိရစ္ဆာန်များကို ဖန်ဆင်းသည့် အစီအစဉ်ကို သမိုင်းပညာရှင် သည်ဖော်ပြပေမည်။ သို့သော် အနုပညာရှင်တစ်ဦးသည် ညကောင်းကင်ယံရှိ ကြယ်များ၏ အလှတရားများ နှင့် ကမ္ဘာတစ်ဝှမ်းရှိ ငါးများနှင့် ငှက်များအကြောင်း ပြောဆိုနိုင်သည်။ အနက်ပြန်သူများ၏ ပုဂ္ဂိုလ်ရေး အားသာချက်များသည် အရေးကြီးသော်လည်း ကျမ်းပိုဒ်၏မူလ အဓိပ္ပာယ်၏ ကွဲပြားသောရှုထောင့်တစ်ခုစီ ကို ဖြစ်ပေါ်စေသည်။

တစ်ချိန်တည်းမှာပင်၊ အနက်ပြန်သူများ၏ အားနည်းချက်များကြောင့် အနှစ်ချုပ် နှစ်မျိုးစလုံးကို အဟန့်အတား ဖြစ်စေနိုင်သည်။ တစ်ခုစီသည် အရေးကြီးသည့် သမ္မာတရားများကို ချန်လှပ်ထားကြသည်။ ဥပမာအားဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏သဘောသဘာဝကို နားလည်လိုသည်ဟု ယူဆကြပါစို့၊ ကမ္ဘာဦးကျမ်း ၁ ကို စူးစမ်းလေ့လာခြင်းဖြင့် စတင်ရန် ကျွန်ုပ်တို့ရွေးချယ်ကြသည်။ သမိုင်းပညာရှင်၏ အကျဉ်းချုပ်ကို ကျွန်ုပ်တို့ဖတ်ကြည့်လျှင်၊ ဘုရားသခင်သည် စည်းစနစ်ကျသော အစီအစဉ်ရေးဆွဲသူ ဖြစ်သည်ကို တွေ့မြင်ရသော်လည်း၊ ကမ္ဘာဦး ၁:၃၁ တွင် ဖန်ဆင်းခြင်းသည် "အလွန်ကောင်းသည်" ဟု ကြေညာသောအခါတွင် ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်းအတွက် နှစ်သက်မှုကို ကျွန်ုပ်တို့ လျစ်လျူရှုကြသည်။ သို့သော်၊ ကျွန်ုပ်တို့သည်အနုပညာရှင်၏ အနှစ်ချုပ်ကိုသာ အာရုံစိုက်ပါက၊ ဘုရားသခင်သည် အမှားအယွင်းမရှိဖန်ဆင်းနိုင်သော်လည်း ကိုယ်တော်၏ရည်ရွယ်ချက်နှင့် စံနှုန်းတို့ကို လျစ်လျူရှုထားကြသည်။ ဤဖြစ်နိုင်ချေရှိသော အားနည်းချက်များသည် ကျွန်ုပ်တို့၏ အားနည်းချက်များ နှင့်မတူသောကြောင့် အကျဉ်းချုပ်ကို လျစ်လျူရှုထားရန် မလိုအပ်ကြောင်း ကျွန်ုပ်တို့ကို ကူညီပေးပါသည်။ များစွာသော ကိစ္စရပ်များတွင်၊ အခြားသူများ၏အနှစ်ချုပ်များမှ ကျမ်းပိုဒ်တစ်ခုအကြောင်း ကျွန်ုပ်တို့ များစွာ လေ့လာနိုင်ပါသည်။

> ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်၏ကိုယ်ခန္ဓာ၌ အားသာချက်များနှင့် အားနည်းချက်များ ရှိသောကြောင့်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို သာမာန်မလေ့လာဘဲ သမ္မာကျမ်းစာတွင် အခြားသူများမြင်ခဲ့သည့်အရာများမှ သင်ယူရန် အလွန်အရေးကြီးပါသည်။ ၎င်းနှင့်ပတ်သက်၍ ဥပမာများစွာနှင့် ကျွန်ုပ်စဉ်းစားမိပါသည်။ ဓမ္မသစ်ကျမ်းတွင် လေ့လာမှုများစွာ ကျွန်ုပ်ပြုခဲ့သည်။ ဓမ္မဟောင်းကျမ်းကို လေ့လာသည်၊ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်း၏ စည်းလုံးညီညွတ်မှုကို တွေ့သည်၊ အသင်းတော်အပေါ် ခရစ်တော်၏ အမှုတော်ဆောင်ရွက်ရာတွင် ဓမ္မဟောင်းကျမ်းသည်ပြည့်စုံခြင်းသို့ ရောက်သည်ကို တွေ့ရသော်လည်း၊ ဓမ္မဟောင်းကျမ်းပိုဒ်နှင့်ပတ်သက်၍ သူတို့၏အတွေးအခေါ်နှင့် အာရုံစိုက်ခဲ့သော ကျွန်ုပ်၏မိတ်ဆွေများထံမှ အကျိုးများစွာခံစားရပါသည်၊ ရှေးခေတ်အရှေ့ပိုင်းရှိ နောက်ခံသမိုင်းကြောင်းများသည် ပေဖြဲကျမ်းစာအား နားလည်နိုင်စေရန်

ဉာဏ်ပညာကို ဆောင်ကြဉ်းပေးနိုင်ပါသည်။ ဓမ္မဟောင်းကျမ်းမှ ကိုးကားထားသော ဓမ္မသစ်ကျမ်းပိုဒ်ကိုကြည့်ကာ ၎င်း၏မူလအကြောင်းအရာကိုလည်း နားလည်လိုပါသည်၊ ဤနည်းဖြင့် ကျွန်ုပ်အကျိုးခံစားရသည်။ အသိဉာဏ်ချို့တဲ့မှုကြောင့်မဟုတ်ဘဲ ခရစ်တော်၏ပုံသဏ္ဍာန်နှင့် အပြည့်အဝမကိုက်ညီသေးသောကြောင့် ကျွန်ုပ်၏အမြင်ကွယ်စရာများရှိကြောင်းကိုလည်း သိပါသည်။ ခရစ်တော်နှင့်အတူ ကြာမြင့်စွာလျှောက်လှမ်းခဲ့သောသူများ၏ ဉာဏ်ပညာကို ကျွန်ုပ်သင်ယူပါသည်။ ထိုသူတို့သည် ကျမ်းစာ၌ရှိသောအရာများကို မြင်တတ်၏။ ကျွန်ုပ်အပြည့်အဝမမှတ်မိနိုင်သောနည်းလမ်းများဖြင့် ၎င်းသည် ကျွန်ုပ်၏ဘဝနှင့် သူတို့၏ဘဝတွင် ကျင့်သုံးသည့် သက်ရောက်မှုများကို သူတို့မြင်သည်။ ထို့ကြောင့် ကျွန်ုပ်၏ဝိညာဉ်ရေး ရင့်ကျက်မှုနည်းပါးခြင်း၏ ထိုရှုထောင့်မှနေ၍ ခရစ်တော်နှင့်အတူ ဆက်လက်လျှောက်လှမ်းခဲ့ကြသော ညီအစ်ကိုမောင်နှမများထံမှ များစွာအကျိုးခံစားရပါသည်။

**ဒေါက်တာ Dennis E. Johnson**

ဘုရားသခင်သည် အခြားယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ခြင်းတွင် သမ္မာကျမ်းစာနှင့် သမ္မာကျမ်းစာ၏အနက်ပြန်ခြင်းကို နားလည်စေရန် ရည်ရွယ်ပါသည်။ ဓမ္မသစ်ကျမ်းတွင် ကျွန်ုပ်တို့ ခြောက်ဆယ့်ငါးကြိမ်နီးပါးရရှိသည့် လမ်းညွှန်ချက်များထဲမှတစ်ခုမှာ “အချင်းချင်း” ဟူသော ရိုးရှင်းသော စကားလုံးသာဖြစ်သည်— အချင်းချင်းအားပေးပြီး အချင်းချင်းတည်ဆောက်ကာ အချင်းချင်းဦးဆောင်လမ်းပြရန် စသည်တို့ဖြစ်သည်။ ဧဖက် ၃:၁၈ တွင်၊ ကျွန်ုပ်တို့သည် အခြားယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့သောအခါမှသာ ခရစ်တော်၏မေတ္တာတော်၏ အနံ၊ အလျားနှင့် အတိမ်အနက်ကို သန့်ရှင်းသူအပေါင်းတို့နှင့် အမှန်တကယ် နားလည်နိုင်သည်ဟု ပေါလုဖော်ပြထားသည်။ ထို့ကြောင့် တစ်ယောက်တည်း လုပ်၍မရပါ။ ကျွန်ုပ်တို့သည် အခြားယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ရန် လိုအပ်သည်။ ထို့ပြင် အများအားဖြင့် သူတို့လုပ်ကြလိမ့်မည်... လူပေါင်းစုံနှင့် အတူထိုင်၍ကျမ်းစာလေ့လာသည့်အခါ အချင်းချင်းအသိပညာ တိုးပွားစေသည့်အတွေ့အကြုံသည်အံ့သြစရာကောင်းသည်။

**ဒေါက်တာ P. J. Buys**

ကျမ်းပိုဒ်၏ရှုပ်ထွေးမှုနှင့် အနက်ပြန်သူ၏ထူးခြားမှုတို့သည် အနှစ်ချုပ်များစွာကို ဖြစ်ပေါ်စေသော နည်းလမ်းများကို ကြည့်ရှုပြီးနောက်၊ ကျွန်ုပ်တို့သည် ပရိသတ်၏လိုအပ်ချက်များကို သုံးသပ်ကြပါစို့။

## ပရိသတ်၏လိုအပ်ချက်

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏မူလအဓိပ္ပာယ်ကို အနှစ်ချုပ်သောအခါ၊ မတူညီသော ပရိသတ်များ ၏လိုအပ်ချက်များကို မျှော်မှန်းသည့် နည်းလမ်းများဖြင့် ကျွန်ုပ်တို့ ပြုလုပ်လေ့ရှိသည်။ တစ်ခါတရံတွင် ကျွန်ုပ်တို့သည် လူကြီးများကိုတရားဟောရန်ကျမ်းပိုဒ်ကို အနှစ်ချုပ်ပြီးရေးလေ့ရှိသည်။ တစ်ခါတစ်ရံ ကလေးများအား ကျမ်းစာသင်ကြားပေးရန်ပြင်ဆင်ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ပြဿနာတစ်ခုခု နှင့် ရင်ဆိုင်နေရသောကြောင့် သို့မဟုတ် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဝိညာဉ်ရေးကြီးထွားမှု အတွက် ကျမ်းစာကို ဖတ်ကြသည်။ မတူညီသော ပရိသတ်များသည် ကွဲပြားခြားနားသော လိုအပ်ချက်များရှိတတ်သည်။ ၎င်းသည် သမ္မာကျမ်းစာကိုသက်ဆိုင်ရာနည်းလမ်းများဖြင့် မှန်ကန်စွာကျင့်သုံးရန်၊ ကျွန်ုပ်တို့၏သီးခြား ပရိသတ်များအတွက် အထောက်အကူဖြစ်စေမည့် အနှစ်ချုပ်များကို ရှာဖွေရမည်ဟု ဆိုလိုသည်။ ဥပမာအနေနှင့်၊ ယောဟန် ၁၆:၃၃ တွင် ယေရှု၏စကားများကို သုံးသပ်ကြည့်ပါ_

> သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါ
> ဤစကားကိုငါဟောပြောပြီ။ သင်တို့သည် လောက၌
> ဆင်းရဲဒုက္ခကိုခံကြရလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။
> ငါသည်လောကကိုအောင်ပြီဟု မိန့် တော်မူ၏ (ယောဟန် ၁၆:၃၃)။

ဤကျမ်းပိုဒ်ကို အနှစ်ချုပ်ရန် မှန်ကန်သည့်နည်းလမ်းများစွာရှိသည်။ ကျွန်ုပ်တို့သည် ငြိမ်သက် ခြင်းကို အဓိကထားသော သို့မဟုတ် ယေရှုသည် သမ္မာတရားကိုကျွန်ုပ်တို့အား ဖော်ပြသည့်အချက်ကို အကျဉ်းချုပ်ဖန်တီးနိုင်သည်။ သို့သော် ဒုက္ခဆင်းရဲကို ရင်ဆိုင်နေရသည့်ပရိသတ်အတွက် ၎င်းကိုအနှစ် ချုပ်ရန်လိုအပ်သည်ဟု ယူဆကြပါစို့။

ပထမဦးစွာ ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲ၏အကြောင်းရင်းကိုကြည့်ရန် လိုအပ်သည်။ ခရစ်ယာန် အချို့သည် မယုံကြည်သူ နိုင်ငံရေးအာဏာပိုင်များ၏ နှိပ်စက်ညှဉ်းပန်းမှုကို ခံရသောကြောင့် ဒုက္ခရောက် ကြသည်။ အခြားသူများသည် ဆင်းရဲမွဲတေမှု သို့မဟုတ် သဘာဝဘေးဒဏ်ကို ခံစားနေကြရသည်။ အခြားသူများသည် ပညာမဲ့ခြင်းကြောင့် သို့မဟုတ် အပြစ်ပြုသည့်အပြုအမူကြောင့် ဒုက္ခရောက်ကြ သည်။ ဒုက္ခဆင်းရဲဖြစ်စေသည့် အခြားအကြောင်းတရားများလည်း ရှိပါသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင် အတွေ့အကြုံ များတွင် ဤကြီးမားသောကွဲပြားမှုများကြောင့်၊ ယောဟန် ၁၆:၃၃ ၏သွန်သင်ချက်များကို ဤကွဲပြားခြား နားသောပရိသတ်များအတွက်မှန်ကန်စွာကျင့်သုံးနိုင်စေမည့် အကျဉ်းချုပ်တစ်ခုမျှမရှိပါ။

ဥပမာအားဖြင့်၊ နှိပ်စက်ညှဉ်းပန်းခံရသော ပရိသတ်အတွက် ကျမ်းပိုဒ်ကို အကျဉ်းချုပ်အားဖြင့် ဤကဲ့သို့ ကြည့်နိုင်သည်_ နောက်ဆုံးတွင် ယေရှုသည် သင်၏နှိပ်စက်ညှဉ်းပန်းခံရမှုကို အဆုံးတိုင်စေပြီး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သင်သည် နောက်တစ်ဖန်တစ်ကြိမ်ညှဉ်းပန်းခံရမည်မဟုတ်သည့်လောကကို တည်ထောင်ပေးမည် ဖြစ်သောကြောင့် အားယူ၍ရဲရင့်ခြင်းရှိပါ။

သို့သော် ဆင်းရဲနွမ်းပါးမှု သို့မဟုတ် သဘာဝဘေးဒဏ်ကို ခံစားနေရသူများအတွက် အကျဉ်းချုပ်မှာ ဤကဲ့သို့ ဖြစ်နိုင်ပါသည်_ ယေရှုသည် သင်၏ဆင်းရဲဒုက္ခကို အချိန်အတိုင်းအတာတစ်ခုအထိ ခွင့်ပြုခဲ့ပြီး၊ နောက်ဆုံးတွင် သင်ကြုံတွေ့ခဲ့ရသော ဆုံးရှုံးမှုများကို ဖြည့်ဆည်းပေးမည့်နည်းလမ်းများဖြင့် သင့်အား ကောင်းချီးပေးမည်ဖြစ်သည်။

ယေဘူယျအားဖြင့်၊ ယေရှုသည် ဤလောကကို အောင်နိုင်ခဲ့သည်ဟူသောအချက်ကြောင့် ကျွန်ုပ်တို့အားလုံးရဲရင့်ခြင်းရှိနိုင်ပြီး၊ ဆင်းရဲဒုက္ခများကြားတွင် ငြိမ်သက်ခြင်းရရှိရန် ကျွန်ုပ်တို့အားလုံး မျှော်လင့်နိုင် သည်။ သို့သော် ကျွန်ုပ်တို့အားလုံးသည် မတူညီသောဒုက္ခများကို ခံစားနေရသောကြောင့်၊ မတူညီသော ပရိသတ်များ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဤကျမ်းပိုဒ်၏ ရှုပ်ထွေးသော သွန်သင်ချက်ကို ကွဲပြားသော နည်းလမ်းများဖြင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရပါမည်။

ထို့ပြင် ထည့်သွင်းစဉ်းစားသင့်သည့် ယဉ်ကျေးမှုဆိုင်ရာကွဲပြားမှုများလည်း ရှိပါသည်။ ယဉ်ကျေးမှု တစ်ခုစီတွင် မတူညီသောသမိုင်း၊ မတူညီသောလူ့အဖွဲ့အစည်းတည်ဆောက်ပုံ၊ မတူညီသော ပြိုင်ဆိုင်မှုရှိသော ဘာသာရေးအမြင်များနှင့် မတူညီသောအားသာချက်များနှင့် အားနည်းချက်များရှိသည်။ အထောက်အကူအပြုဆုံးသောနည်းလမ်းများဖြင့် သမ္မာကျမ်းစာကိုကျင့်သုံးရန်အတွက်၊ လူတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို မိမိတို့၏အခြေအနေများတွင် ဖြည့်ဆည်းပေးသည့် ကျမ်းစာ အနှစ်ချုပ်များကို ရှာဖွေရန် လိုအပ်သည်။

> သင်းအုပ်ဓမ္မအမှုတော်လုပ်ငန်း၏အခွင့်ထူးများထဲမှတစ်ခုမှာ—
> ပညာတတ်သူများ၊ ပညာမတတ်သူများ၊ ငယ်ရွယ်သူများ၊ အသက်ကြီးသူများ၊
> အလုပ်အခြေအနေ အမျိုးမျိုးရှိသူများ စသည့်ပရိတ်သတ်များစွာအား
> သမ္မာကျမ်းစာသွန်သင်ခြင်းနှင့် ဧဝံဂေလိတရားကို ဟောပြောခြင်းဖြစ်သည်။
> သို့သော် ဘုရားသခင်၏ နှုတ်ကပတ်တော်များကိုဝေငှပေးနေသည့်သင်းအုပ်သည်
> လူတို့အပေါ် ခံစားပေးမှုရှိရန် အမှန်တကယ်လိုအပ်သောကြောင့်
> ၎င်းသည်အလွန်လိုအပ်သော အလုပ်ဖြစ်သည်။ ထို့ပြင် ဤနေရာတွင်တွေ့ရသော
> အလွန်အထောက်အကူ ဖြစ်သည့် အချက်နှစ်ချက်မှာ_ ပထမဆုံးအနေနှင့်
> အသင်းတော်ရှိလူများကို "ရှင်းလင်းမှုရှိပါသလား၊ ၎င်းကို နားလည်ပါသလားဟု
> ကျွန်ုပ်မေးပါသည်။ ကျွန်ုပ်ကိုပြောပြပါ။
> မကြာသေးမီကြားခဲ့သောတရားဒေသနာများမှ
> သင်မည်သည့်အရာသင်ယူခဲ့သနည်း။ လူတို့ကို အချိန်တိုင်းဟောပြောနေခြင်း
> မဟုတ်ဘဲ ဘုရားသခင့်နှုတ်ကပါတ်တော်အပေါ် လူများ၏တုံ့ပြန်မှုကိုလည်း
> နားထောင်ပါ။ ကျွန်ုပ်တွေ့ရှိခဲ့သော အခြားအလွန်အသုံးဝင်သောအရာမှာ
> ငယ်ရွယ်သောကလေးများအား ဧဝံဂေလိတရားကို ပုံမှန်သင်ကြားပေးခြင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်သည်။ အမှန်တကယ်တွင်၊ သင်းအုပ်ဆိုင်ရာဓမ္မအမှုတော်တွင် မကြာခဏဆိုသလိုပင်၊ အတိုချုံး၍ လူကြီးများအားသင်ကြားပို့ချပေးသော တရားဒေသနာ တစ်ခုတည်းကို ကလေးငယ်များအတွက် ပိုမိုရိုးရှင်းသောပုံစံဖြင့် ကျွန်ုပ်သင်ကြားပေးပါသည်။ ၎င်းသည် သင်းအုပ်ဆရာတစ်ဦးအတွက် ဆုကျေးဇူးကိုဖွံ့ဖြိုးစေရန် ကောင်းမွန်သောနည်းလမ်းဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် ဧဝံဂေလိတရားကဲ့သို့ အရေးကြီးသောအရာကို ဆက်သွယ်သောအခါတွင် ရိုးရှင်းပြီး ရှင်းရှင်းလင်းလင်းဖြစ်စေရန် အမြဲကြိုးစားသင့်သည်။

**ဒေါက်တာ Philip Ryken**

ကျွန်ုပ်တို့၏သတင်းစကားကို လူအများကြားနိုင်အောင် လိုက်လျောညီထွေရှိရန် အလွန်အရေးကြီးပါသည်။ ဤသို့လုပ်ရန်နည်းလမ်းများစွာထဲမှတစ်ခုမှာ ဘယ်ဖက်ဦးနှောက်အားသန်သူနှင့် ညာဖက်ဦးနှောက်အားသန်သူတို့နှင့် သက်ဆိုင်ပါသည်။ ဘယ်ဖက်ဦးနှောက်အားသန်သူသည် ခွဲခြမ်းစိတ်ဖြာတတ်သည်၊ အဖြစ်မှန်တို့ကို ကိုင်တွယ်ဖြေရှင်းခြင်းကို နှစ်သက်ကြသည်။ ညာဖက်ဦးနှောက်သည် ပုံပြင်များ၊ သရုပ်ပြမှုတို့နှင့် ဥပမာများကို ပိုအားသန်စေ သည်။ ထို့ပြင် ကျွန်ုပ်သည် ဤအရာများ၏အလယ်တွင်ရှိချင်သည်၊ ထို့ကြောင့် နှစ်ခုလုံးကို လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သင်သွားသည့် ယဉ်ကျေးမှုအပေါ်တွင်မူတည်သည်။ အကြောင်းမှာ ကမ္ဘာပေါ် ရှိ အချို့နေရာများသည် ဘယ်ဖက်ဦးနှောက်အားသန်သူများ၊ အချို့သောသူများသည် ညာဖက်ဦးနှောက်အားသန်ကြပြီး၊ ထိုနေရာများနှင့် လိုက်လျောညီထွေ ရှိခြင်းသည် ကောင်းမွန်သောကြောင့်ဖြစ်သည်။ ယေရှုလက်ထက်တွင်၊ အခြားကျမ်းစာများ၊ အခြားအတွေ့အကြုံများကဲ့သို့သော အရာများနှင့် ကျမ်းစာသမ္မာတရား ဆက်စပ်မှုကို ရှာဖွေလိုသည်မှာ အလွန်စိတ်ဝင်စားစရာ ကောင်းပါသည်။ မိုဃ်းကောင်းကင်ငှက်တို့ကို ကြည့်ရှုပါ၊ ဤသည်မှာ လမ်း၌သွားနေသော ရှမာရိလူအကြောင်း ဇာတ်လမ်းနှင့်ဆင်တူသည်။ ၎င်းကို သူအချိန်တိုင်း လုပ်ခဲ့သည်... ထို့ပြင် သူသည် ညာဖက်နှင့်ဘယ်ဖက်ဦးနှောက် အားသန်သည့် အမျိုးမျိုးသောပရိသတ်များနှင့် လိုက်လျောညီထွေဖြစ်သည်ဟု ကျွန်ုပ်ထင်ပါ သည်။

**ဒေါက်တာ Matt Friedeman**

သမ္မာကျမ်းစာကို ကျွန်ုပ်တို့အနက်ပြန်ဆိုသည့်အခါ ကျမ်းပိုဒ်၏မူလအဓိပ္ပာယ်နှင့် မျက်မှောက်ခေတ်ပရိသတ်များ၏ လိုအပ်ချက်များကို အမြဲစိတ်ထဲတွင်ထားရှိသင့်သည်။ သမ္မာကျမ်းစာကို နည်းလမ်းများစွာဖြင့် စူးစမ်းလေ့လာခြင်းသည် မူလအဓိပ္ပာယ်နှင့် မျက်မှောက်ခေတ်ပရိသတ်ကြား အကွာအဝေးကို ပေါင်းကူးထားခြင်းဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့အားလုံး သမ္မာကျမ်းစာ၏အပြည့်အဝ တန်ဖိုးကို အကျိုးခံ စားနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့တွင်မည်သူမျှ ၎င်းကိုပြီးပြည့်စုံအောင် မလုပ်နိုင်ပါ။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏အသင်းတော်အား အဖိုးတန်နည်းလမ်းများဖြင့် လုပ်ဆောင်ပေးသည့် ကျမ်းစာအနှစ်ချုပ်များဆီသို့ ကျွန်ုပ်တို့အားပို့ဆောင်ပေးမည်ကို ကျွန်ုပ်တို့ ယုံကြည်နိုင်ပါသည်။

# နိဂုံး

အဓိပ္ပာယ်ဖော်ထုတ်ခြင်းဆိုင်ရာ ဤသင်ခန်းစာတွင်_ကျွန်ုပ်တို့သည် အဓိက အယူအဆနှစ်ခုကို အာရုံစိုက်ထားသည်_ သမ္မာကျမ်းစာ၏ အထောက်အထား၊ ကျမ်းရေးသူတို့တွင် ကျွန်ုပ်တို့တွေ့နိုင်သော အရေးကြီးသော အဓိပ္ပာယ်လမ်းညွှန်ချက်များနှင့် သမ္မာကျမ်းစာမှ ကျွန်ုပ်တို့ပြုလုပ်နိုင်သောအနှစ်ချုပ် များဖြစ်သည်။

သမ္မာကျမ်းစာသည်တစ်ခါတစ်ရံ နားလည်ရခက်သည်ဟု ကျွန်ုပ်တို့အားလုံး ဝန်ခံရပါမည်။ သို့သော် သတင်းကောင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏နှုတ်ကပတ်တော်၏ မူလအဓိပ္ပာယ်ကို ရှာဖွေတွေ့ရှိရန် နည်းလမ်းအမျိုးမျိုးကို ပေးထားသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာအထောက်အထားများကို ပေးထားပြီး၊ ဤအထောက်အထားများတွင် ကျွန်ုပ်တို့လိုအပ်သော သဒ္ဒါနှင့် စာပေဆိုင်ရာ အကြောင်းအရာများပါရှိသည်။ ထို့အပြင် ကိုယ်တော်သည်ကျွန်ုပ်တို့အား ကျမ်းရေးသူများနှင့် သမ္မာကျမ်းစာ၏ မူလပရိသတ်များအကြောင်း အချက်အလက်စုဆောင်းရန် နည်းလမ်းများကိုလည်း ပေးထားသည်။ ၎င်းအပြင်၊ သမ္မာကျမ်းစာ၏အစိတ်အပိုင်းတိုင်း၏ မူလ အဓိပ္ပာယ်သည် အလွန်ကြွယ်ဝသောကြောင့် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် ၎င်းနှင့်ပတ်သက်သော ထိုးထွင်းသိမြင်မှုအသစ်များ ရရှိနိုင်သည်။ သမ္မာကျမ်းစာကိုလေ့လာနေစဉ် ဤအရာများကို စိတ်ထဲတွင် မှတ်သားထားပါက၊ သမ္မာကျမ်းစာ၏ မူလအဓိပ္ပာယ်ကို ကျွန်ုပ်တို့ ပို၍ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။